# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

**ပါပဝဂ်(ဓမ္မပဒ-၁၁၆)**


၁၃၇၉ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၁၀၈)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး လာအိုနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

**ကြိုဆိုနှုတ်ဆက်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီ ဆီဆုလစ်တို့သည် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**အပြန်အလှန် မိတ်ဆက်ပေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

သတင်းစဉ်



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လာအိုဝန်ကြီးချုပ်တို့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာ-လာအို နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တက်ရောက်ဆွေးနွေးကြသည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ ယဉ်ကျေးမှုတူညီသည့်နိုင်ငံများဖြစ်သည့်အတွက် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊


*စာမျက်နှာ ၄ ကော်လံ ၁* ❁





မြန်မာ့အလင်း

# ခေတ်မီနည်းစနစ်တို့ဖြင့် စိုက်ပျိုးကြပါစို့

ကြက်သွန်နီသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ နေ့စဉ်ဘဝ၌ မရှိလျှင်မဖြစ်သော အခြေခံစားကုန်တစ်မျိုးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကြက်သွန်နီ ဈေးတက်ခြင်းသည် နိုင်ငံသူ နိုင်ငံသားတို့၏ နေ့စဉ်ဘဝကို အကျိုးသက်ရောက်စေပါသည်။ ယခုရက်ပိုင်းအတွင်း မြန်မာကြက်သွန်နီ၏ လက်လီဈေးနှုန်းသည် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၄၀၀၀ ဝန်းကျင်အထိ ဖြစ်ခဲ့ပါသည်။ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကြက်သွန်နီ စိုက်ခင်းများ ပျက်စီးခဲ့ရခြင်းသည် မြန်မာကြက်သွန်နီတို့ ဈေးတက်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ခင်းတို့ပျက်စီး၍ ကြက်သွန်နီဈေးနှုန်းတက်လာခြင်းကို မလွှဲသာမရှောင်သာ လက်ခံရမည်ဖြစ်သော်လည်း မြန်မာကြက်သွန်နီဈေးတက်ခြင်းနှင့်အတူ ယှဉ်တွဲပါလာသော ဖြစ်ရပ်တစ်ခုကိုမူ လေးလေးနက်နက်သုံးသပ်ရမည် ဖြစ်ပါသည်။ ကြက်သွန်နီ ဈေးတက်လာ၍ မြန်မာ့ဈေးကွက်အတွင်းသို့ တရုတ်ကြက်သွန်နီတို့ ဝင်ရောက်လာပါသည်။ မြန်မာကြက်သွန်နီ၏ဈေးနှုန်းက တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၄၀၀၀ ဝန်းကျင်ရှိနေချိန်၌ တရုတ်ကြက်သွန်နီက တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀ ကြားသာ ရှိပါသည်။ အကောင်းဘက်က ကြည့်ပါက တရုတ်ကြက်သွန်နီတို့ မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာ၍ ပြည်တွင်းဈေးကွက်၌ ကြက်သွန်နီဈေးနှုန်း ယခုထက် အဆမတန် ပိုတက်လာမည်ကို ကာကွယ်ဟန့်တားနိုင်ခဲ့ပါသည်။

သို့သော် တရုတ်ကြက်သွန်နီတို့ မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းကို တခြားမျက်နှာစာမှ သုံးသပ်ရန်လိုအပ်ပါသည်။ မိုင်ပေါင်းများစွာကို ဖြတ်သန်း၍ မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော တရုတ်ကြက်သွန်နီတို့သည် မြန်မာ့ကြက်သွန်နီတို့ထက် ခေါက်ချိုးနီးပါး အဘယ်ကြောင့် ဈေးသက်သာရပါသနည်း။ တရုတ်ကြက်သွန်နီတို့ မြန်မာ့ဈေးကွက်သို့ စတင်ဝင်ရောက်လာသည့် ၂၀၁၇ ခုနှစ် ဇွန်လ၌ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ငွေကျပ် ၁၀၀၀ ဝန်းကျင်သာရှိသည်ဟု သိရပါသည်။ ယေဘုယျသဘောသုံးသပ်ရပါက မြန်မာနိုင်ငံ၌ တောင်သူတို့သည် ကြက်သွန်နီကို မိရိုးဖလာ စိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးခြင်း ဖြစ်ပါသည်။ မိရိုးဖလာစိုက်ပျိုးနည်း၏ အားနည်းချက်သည် စိုက်ပျိုးစရိတ်မြင့်မားခြင်းနှင့် အထွက်နှုန်းနိမ့်ကျခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံ၌မူ ကြက်သွန်နီတို့ကို နည်းပညာသုံးစိုက်ပျိုးခြင်းဖြစ်၍ စိုက်ပျိုးစရိတ်သက်သာသကဲ့သို့ အထွက်နှုန်း၌လည်း သိသိသာသာပိုများပါသည်။ ဤသည်၏ အကျိုးဆက်မှာ မိုင်ပေါင်းများစွာကို ဖြတ်သန်း၍ တင်ပို့ရောင်းချရသော်လည်း တရုတ်ကြက်သွန်နီတို့ကို မြန်မာ့ဈေးကွက်၌ ခေါက်ချိုးဈေးနီးပါးဖြင့် ရောင်းချနိုင်ခြင်း ဖြစ်ပါသည်။ လက်ရှိအချိန်၌ တရုတ်ကြက်သွန်နီတို့၏ အရသာသည် မြန်မာ့အကြိုက်အရသာမျိုး မရှိသေးပေ။ နောင်တစ်ချိန်၌ တရုတ်ကြက်သွန်နီတို့ကို နည်းပညာသုံး၍ မြန်မာ့ အကြိုက်အရသာမျိုးဖန်တီးလာပါက မြန်မာ့တောင်သူတို့၏ဘဝနှင့် မြန်မာ့ကြက်သွန်နီဈေးကွက်ကို အကြီးအကျယ်စိန်ခေါ်လာမည် ဖြစ်ပါသည်။ အခြေအနေတစ်ရပ်လုံးကို ခြုံငုံသုံးသပ်ပါက ကြက်သွန်နီအပါအဝင် မြန်မာ့သီးပင်စားပင်တို့၏ စိုက်ပျိုးထုတ်လုပ်မှုအား ခေတ်မီနည်းစနစ်တို့ဖြင့် ဆောင်ရွက်နိုင်ရေးကို ကျယ်ပြန့်သော ပြင်ဆင်မှုတို့ဖြင့် ဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ "ခေတ်မီနည်းစနစ်တို့ဖြင့် စိုက်ပျိုးကြပါစို့" ဟူသော ကြွေးကြော်သံကို အမျိုးသားရေးကြွေးကြော်သံအဖြစ် ဆုပ်ကိုင်အကောင်အထည်ဖော်ကြပါရန် လေးစားစွာ တိုက်တွန်းတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၁-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၁၂း၃၀ - တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဝိရိယာနန္ဒ ဟောကြားသော **သင့်သဘော အတိုင်းပါပဲ တရားတော်**

**ညပိုင်း**

၁၆း၄၅ - **ဆီးချိုသွေးချိုရောဂါ လက်တွေ့ကျကျ ကာကွယ်ကုသကြ**

၁၈း၂၀ - **Myanmar Digital News**

၁၈း၃၀ - **အချိန်အခါမဟုတ် ရွာသွန်းသောမိုးနှင့် ဆောင်ရန်ရှောင်ရန်များ** (ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံခြင်း)

၁၈း၄၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဇေရဲထက်)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - အနုပညာခန်းရိပ်သာ (ဆရာချစ်နိုင်(စိတ်ပညာ) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာရေးဆရာအသင်း

- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၂၉)

# ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၆/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်လှထွန်း ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# သံအမတ်ကြီး ဦးလွင်ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ဇန်နဝါရီ ၉ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူလ် ဟာမစ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ရာ(**အောက်ပုံ**)



ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် UNODC မှ Country Manager Mr.Troels Vester တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ဆိုင်ရာ စီမံချက်နှင့် အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးဌာန တည်ထောင်ရေးနှင့် နိုင်ငံတကာ၏ အဂတိလိုက်စားမှု ကာကွယ်တားဆီးရေး အစီအမံများ သိရှိနိုင်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေတို့ကို ပိုမိုခိုင်မာလာစေရေးနှင့် နိုင်ငံအတွက် သင့်လျော်သည့် ကာကွယ်တားဆီးရေးနည်းလမ်းများ ချမှတ်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ အရာထမ်းများ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၅-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၁၀/၈၂၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ ⋅ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ ⋅ ၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ⋅ ၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ⋅ ၂ |
| တရုတ် | တစ်ယွမ် | ၂၀၈ ⋅ ၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ⋅ ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆုလစ်သည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အာဆီယံအဖွဲ့အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ခံကူညီရေး၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးအောင်ထူး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr. Lyying SAYYASANG လည်း တက်ရောက်သည်။ **သတင်းစဉ်**



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီဆီဆုလစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြိုဆို**

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး နှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအို သံအမတ်ကြီး H.E. Mr. Lyying SAYYASANG နှင့်ဇနီး နှင့်တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **သတင်းစဉ်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီဆီဆုလစ်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့်ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မစ္စစ်နယ်လီဆီဆုလစ် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၁၅**

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၏ဇနီး မစ္စစ်နယ်လီဆီဆုလစ်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို ကြည့်ရှုလေ့လာသည်။

**ရှင်းလင်းပြောကြား**

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မစ္စစ် နယ်လီဆီဆုလစ်သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင် ဦးကြည်လွင်က စေတီတော်၏ သမိုင်းကြောင်းအား ရှင်းလင်းပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် မစ္စစ် နယ်လီဆီဆုလစ်သည် ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် မစ္စစ် နယ်လီဆီဆုလစ်က အလှူငွေပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် မစ္စစ် နယ်လီဆီဆုလစ်သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများအား ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

**သတင်းစဉ်**





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဖော်ဆောင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လာအိုနိုင်ငံသို့ ထပ်မံလာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ထိပ်သီး အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးအောင်ထူး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr. Lyying SAYYASANG လည်း တက်ရောက်သည်။

**နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး**

အစည်းအဝေး အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် သမ္မတအိမ်တော်၌ ဆက်လက်ကျင်းပသည့် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ ရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် လာအိုနိုင်ငံ စွမ်းအင်နှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး Mr. Khammany Inthilath တို့က နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် လာအိုနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Boviengkham Vongdala တို့က နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် လာအိုနိုင်ငံ နိုင်ငံတော်စစ်ဆေးရေးနှင့် အဂတိတိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Vilayvanh Boutdakham တို့က အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင် ရွက်မှုဆိုင်ရာနားလည်မှု စာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

**သဘောတူညီခဲ့**

နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာတွင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ စီမံကိန်းရေးဆွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲနှင့် ဇီဝဒြပ်ထုစွမ်းအင်နှင့် ဇီဝလောင်စာ၊ ဆန်းသစ်သော ဒြပ်ပစ္စည်းသိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာ၊ မျိုးရိုးဗီဇဆိုင်ရာ အရင်းအမြစ်များ၊ ဂေဟဗေဒနှင့် ဇီဝနည်းပညာ၊ စံချိန်စံညွှန်းနှင့် တိကျတိုင်းတာနည်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ အပြန်အလှန် သဘောတူညီသည့်အခြားပူးပေါင်းဆောင် ရွက်မှုနယ်ပယ်များနှင့် အလှအပရေးရာ သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး Mr. Khammany Inthilath တို့က နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Boviengkham Vongdala တို့က နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်



**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် လာအိုနိုင်ငံ နိုင်ငံတော်စစ်ဆေးရေးနှင့် အဂတိတိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Vilayvanh Boutdakham တို့က အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီ ဆီဆုလစ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီ ဆီဆုလစ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

**သတင်းစဉ်**



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နယ်လီဆီဆုလစ်တို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇန်နဝါရီ ၁၃ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေ၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ မွန်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ကုန်သွယ်မှုတိုးတက်စေရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုနှင့် စျေးကွက်သစ်များရှာဖွေချိတ်ဆက်ဆောင်ရွက်မှုများ၊ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိတို့က စျေးကွက်အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံနေရသည့် အားနည်းချက်၊ အားသာချက်တို့အား အသီးသီးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ Royal Hinn Thar Hotel ၌ ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်ပပို့အမျိုးအစား၊ အရည်အသွေး မှန်ကန်ကောင်းမွန်သည့် ရော်ဘာတိုးချဲ့တင်ပို့နိုင်ရေး၊ ရော်ဘာလုပ်ငန်း ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် ရော်ဘာလုပ်ငန်းရှင်များ၏ ချေးငွေရရှိရေးအပါအဝင် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ဘရင်သောင်ကျေးရွာရှိ ရော်ဘာခြံတွင် ရော်ဘာစေးခြစ်ယူသည်မှ ရော်ဘာပြားထုတ်လုပ်သည်အထိ လုပ်ငန်းစဉ် တစ်လျှောက်လုံးအားကြည့်ရှုသည်။ ထို့နောက် မုဒုံမြို့ ကွမ်တာရွာရှိ ပြည်ပသို့ ရော်ဘာအများဆုံး တင်ပို့နေသည့် Fu Xing Brother’s Industry Co.,Ltd . သို့ ရောက်ရှိ စစ်ဆေးသည်။ ယင်းနောက် ရော်ဘာခရမ်း အဆင့်မြင့်စက်ရုံအတွင်း ရော်ဘာအစေးရည် သန့်စင်ခြင်း၊ ရော်ဘာပြားအား ဖိနှိပ်ပုံသွင်းခြင်းစသော လုပ်ငန်းအဆင့်ဆင့်တို့ကို လိုက်လံအားပေး ကြည့်ရှုပြီး ရော်ဘာအဝယ်ဒိုင်အားလည်း ဝင်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာနိုင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်

နန်းယွန်း ဇန်နဝါရီ ၁၅

**စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နန်းယွန်းမြို့ ရော့ကော့ရပ်ကွက်ရှိ ရိုးရာကွင်း၌ ကျင်းပသည့် ၂၀၁၈ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။**





ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နှုတ်ခွန်းဆက် အမှာစကားပြောကြားစဉ်နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်စိုးနှင့် ဗိုလ်ချုပ်သန်းထွဋ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေ နှင့်ယဉ်ကျေးမှု ဗဟိုကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များမှ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်)အဖွဲ့မှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာဦးထုပ်ကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးယောင်ရန်းနှင့် အဖွဲ့ဝင်များအဖြစ် ဦးအောင်ဝင်း၊ ဦးအုံ့တော်၊ ဦးစင်းယုံနှင့် ဦးပါစိုးကြီးတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နိုင်ငံတော်အလံအလေးပြု၍ ဖွင့်လှစ်ပြီး အခမ်းအနား သဘာပတိ နာဂတိုင်းရင်းသား ဦးယောင်ရန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

**ဆုမွန်ကောင်းတောင်း**

ထို့နောက် ဒုတိယသမ္မတက ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ယခု ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံတော်အစိုးရကိုယ်စား တက်ရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးပွဲတော်တွင် နာဂဒေသအတွင်း မှီတင်းနေထိုင်ကြသည့် နာဂတိုင်းရင်းသားလူမျိုးများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**လူနေမှုဘဝမြှင့်တင်ဆောင်ရွက်ရေး**

နိုင်ငံတော်အစိုးရ၏ မူဝါဒများဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ဖြစ်ပေါ်လာရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးဟူသည့် အခြေခံမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကဲ့သို့ နယ်စပ်ဒေသများရှိတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝမြှင့်တင်ဆောင်ရွက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

ပြည်ထောင်စုကြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံး မြင်တွေ့နေရပြီဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာနိုင်ရေးအတွက်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့် တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ မိမိတို့ ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားစေလိုပါကြောင်း။

တောင်ပေါ်ဒေသတစ်ခု ဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ တာဝန်ယူတတ်သည့် စိတ်ဓာတ်များမွေးမြူပြီး စေတနာထား ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင်လည်း အလားတူ ဆောင်ရွက်စေလိုပါကြောင်း၊ ရပ်ဝေးဒေသများမှ လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စေတနာထားပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ယခင်ကထက် ကောင်းမွန်လာ**

ယခုဆိုလျှင် နာဂဒေသ၏ မြို့တော် လဟယ်မြို့နှင့် ခန္တီးမြို့ကို ဆက်သွယ်ထားသည့် ဆင်သေ - လဟယ်လမ်းသည် လမ်းပြတ်တောက်ခြင်းမရှိဘဲ ရာသီမရွေးသွားလာနိုင်ပြီး လဟယ် - နန်းယွန်းလမ်းသည်လည်း ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ကို သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ နာဂဒေသအတွင်း သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုအချိန်ကာလသည် နာဂတိုင်းရင်းသားလူမျိုးများ၏ မင်္ဂလာရှိသည့် နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု (ဗဟို) ဥက္ကဋ္ဌ ဦးအောင်ထွဋ်တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှတ်တရလက်ဆောင် ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဒုတိယသမ္မတ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

*စာမျက်နှာ ၈ သို့*

# တရားမ အထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်ပြီး ခုနစ်မှုကို ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု ခုနစ်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသန နှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနမှ ကြီးမှူး၍ နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲ ‘Reorienting Myanmar Studies in Myanmar’ကို အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အခမ်းအနားတွင် နိုင်ငံတကာသုတေသန ပညာရှင်များနှင့် မြန်မာသမိုင်း ပညာရှင်များက သုတေသန စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ ပါဝင် တက်ရောက်နိုင်ပါကြောင်း၊ အရေအတွက် ကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများသည် မြန်မာသမိုင်းအဖွဲ့ရုံး၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ရန်ကင်းမြို့နယ်သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၁၆၅၁၀၅၂၊ ၀၆၇ ၃၄၀၈၃၉၄ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ဘဏ္ဍာရေးနှစ်၏ ကြားကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွက် အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်ပြလာသည့် စီမံကိန်း လုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ကြသည့်အခါတွင်လည်း ခြောက်လကာလနှင့်ကိုက်ညီပြီး မဲဆန္ဒရှင်ပြည်သူများ၏ လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလော ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို အထိရောက်ဆုံး ဖြစ်အောင်ဖြည့်ဆည်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသည့် ဥပဒေကြမ်း နှစ်ခု၊ နိုင်ငံတကာချေးငွေ ကိစ္စတစ်ခုတို့အပါအဝင် လွှတ်တော်အသီးသီးမှ ကျန်ရှိနေသည့် ဆောင်ရွက်ဆဲဥပဒေကြမ်းများကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

၂၀၁၇ - ၂၀၁၈ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် မြို့နယ် ၃၂၅ မြို့နယ်အတွက် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်များကို ထုတ်ပေးပြီးဖြစ်သည့်အပြင် မြို့နယ် ၉၉ မြို့နယ် က အခြားစီမံကိန်းများတွင် ပါဝင်နေခြင်း၊ ရာသီဥတုအခြေအနေ၊ မြေပြင်အနေအထားတို့ကြောင့် သတ်မှတ်ကာလဖြစ်သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် တင်ပြချက်များကိုလည်း ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ဒုတိယ အကြိမ် လွှတ်တော်သက်တမ်း နှစ်နှစ်တာကာလအတွင်း ဆောင် ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး မလိုလားအပ်သော အငြင်းပွားမှုများ မဖြစ်ပေါ်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ထို့ပြင် လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စာရင်းစစ်ကန့်ကွက် ချက် မဖြစ်ပေါ်ရေး၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများ အတွက် ပိုလျှံရန်ပုံငွေများကို ငွေတိုက်ဦးစီးဌာနသို့ အချိန်မီ ပြန်လည်ပေးသွင်းရေးကို အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက် ကြရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ယခုတစ်ကြိမ် ကျင်းပသည့် အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပိုမိုများပြားသော လုပ်ငန်းတာဝန် များကို ကြုံတွေ့ကြရမည် ဖြစ်သည့်အတွက် အချိန်ကို လေးစား တန်ဖိုးထားပြီး စနစ်တကျစီမံအသုံးပြုနိုင်ရန်နှင့် စေတနာမှန်၊ လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် အားထုတ်ကြိုးပမ်း ဆောင် ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူက အပ်နှင်းထား သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ပြည်သူနှင့် နိုင်ငံတော်အကျိုး စီးပွားအတွက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်း ပြဋ္ဌာန်းသတ်မှတ်ချက်များအတိုင်း မှန်ကန်စွာ ကျင့်သုံး ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ အမြော် အမြင်ရှိမှုနှင့် ဇွဲလုံ့လ၊ ဝီရိယရှိမှုများကို မှတ်ကျောက်တင်ခံ နိုင်ရန်အတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးစား ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းရင်း ကြိုဆို နှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နတ်ရှာစ်ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ တော်ဝင်ဈာပန အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ခရီးစဉ် မှတ်တမ်းနှင့် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယက က ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဩစတြီး



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

ယားနိုင်ငံ Unicredit Bank မှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဩစတြီးယားနိုင်ငံ Unicredit Bank မှ အတိုးမဲ့ချေးငွေ (Soft Loan) ယူရို ၅ ဒသမ ၀ သန်း ချေးယူရရှိပါက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ဇင်ချောင်း-ကင်းမြောက်-လေးတောင်လမ်းပေါ်ရှိ ကင်းချောင်း တံတား တည်ဆောက်ရေးစီမံကိန်းတွင် အသုံးပြုမည်ဖြစ်ပါ ကြောင်း။

ကင်းချောင်းတံတားစီမံကိန်းသည် ရခိုင်ပြည်နယ် ဇင်းချောင်း - ကင်းမြောက် -လေးတောင်လမ်းပေါ်တွင် တည်ရှိ၍ အရှည် ၁၂၅၆ ပေရှိသည့် သံမဏိသံပေါင်တံတား အမျိုးအစား ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ခြင်းဖြင့် ကင်းချောင်း တံတားသည် ပင်လယ်ကမ်းခြေနှင့် လွန်စွာနီးကပ်သဖြင့် ဥရောပ နည်းပညာနှင့် ထုတ်လုပ်သော တံတားသံပေါင်များ အသုံးပြုခြင်း ဖြင့် တံတား၏ အရည်အသွေး ပိုမိုကောင်းမွန်နိုင်ပြီး သဘာဝ ရာသီဥတုဒဏ်ခံနိုင်သော တံတားတစ်စင်းအဖြစ် တည်ရှိနေမည် ဖြစ်ခြင်း၊ ခေတ်မီသံပေါင်တပ်ဆင်ခြင်း နည်းပညာအား မြန်မာ အင်ဂျင်နီယာများ လေ့လာသင်ယူနိုင်မည်ဖြစ်ခြင်း၊ တံတား တည်ဆောက်ပြီးပါက ရန်ကုန်-ကျောက်ဖြူလမ်းမကြီးနှင့် ရမ်းဗြဲ- လေးတောင်-သပြေဆိပ်ကမ်း (၁၆ မိုင် ၆ ဖာလုံ)၊ ဇင်ချောင်း- ကင်းမြောက်လမ်း (၅ မိုင် ၄ ဖာလုံ)တို့မှတစ်ဆင့် ဆက်စပ်သွား လာနိုင်မည်ဖြစ်သဖြင့် ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်သော လမ်းတစ်လမ်း ဖြစ်ပေါ်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေး ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာပြီး ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်လာမှုများကို အမြန်ဆုံးဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါ ကြောင်း။

## ရှင်းလင်းတင်ပြ

ကင်းချောင်းတံတား တည်ဆောက်ခြင်းအားဖြင့် နိုင်ငံတော် ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူ ပို့ဆောင်ရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲ မြို့နယ် ဇင်ချောင်း - ကင်းမြောက် - လေးတောင် လမ်းပေါ်ရှိ ကင်းချောင်းတံတားစီမံကိန်းတွင် ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော သံပေါင်များ အသုံးပြုနိုင်ရေးအတွက် ဩစတြီးယားအစိုးရ၏ အတိုးမဲ့ချေးငွေ ယူရို ၅ ဒသမ ၀ သန်း ရယူရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ချေးငွေဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များမှာ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၁၇ နှစ်ဖြင့် စုစုပေါင်းချေးငွေသက်တမ်းမှာ ၂၅ နှစ် ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေမှာ အတိုးမဲ့ချေးငွေဖြစ်ပြီး စီမံခန့်ခွဲမှုစရိတ်မှာ ချေးငွေ၏ ၀ ဒသမ ၆၅ ရာခိုင်နှုန်း၊ ယူရိုငွေ ၃၂၅၀၀ ၊ အာမခံ ပရီမီယံ ကြိုတင်ငွေ ယူရို ၃၇၁၂၅၊ ဘဏ်ဆောင်ရွက်ခ ယူရိုငွေ ၁၄၄၀ စုစုပေါင်းယူရိုငွေ ၇၁၀၆၅ ကို တစ်ကြိမ်တည်း ပေးဆောင် ရမည်ဖြစ်ပါကြောင်း၊ အာမခံကြေးအဖြစ် ပေးဆပ်ရန် ကျန်ရှိ သည့် ချေးငွေပမာဏ၏ ၀ ဒသမ ၉ ရာခိုင်နှုန်းအား နှစ်စဉ်ပေး ဆောင်ရမည်ဖြစ်ပြီး စာချုပ်ချုပ်ပြီး ချေးယူရန် ကတိပျက်ကွက် ပါက တစ်နှစ်လျှင် ပျက်ကွက်သည့်ငွေ၏ ၀ ဒသမ ၆၅ ရာခိုင်နှုန်း ပေးချေရမည်ဖြစ်ပါကြောင်း၊ ဩစတြီးယားအစိုးရမှ ပြန်လည် ထောက်ပံ့သည့် အစီအစဉ်အရ စုစုပေါင်းချေးငွေ၏ ၁၅ ရာခိုင် နှုန်း (ယူရိုငွေ ၀ ဒသမ ၇၅ သန်း)ကို ပြန်လည်ပေးဆပ်ရန် မလိုဘဲ ကျန် ၈၅ ရာခိုင်နှုန်း (ယူရိုငွေ ၄ ဒသမ ၂၅ သန်း)ကိုသာ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ပြည်ပချေးငွေရယူရာတွင် သက်သာသော ချေးငွေ (Concessional Loan) နှင့် သက်သာမှုမရှိသော ချေးငွေ (Non-Concessional Loan)ဟု သိရှိနိုင်ရန် Grant Element ဖြင့် တိုင်းတာပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ သတ်မှတ်ချက်အရ Grant Element တန်ဖိုး ၃၅ ရာခိုင်နှုန်း အထက်ရှိပါက သက်သာချေးငွေ၊ ၃၅ ရာခိုင်နှုန်းအောက်ရှိပါက သက်သာမှုမရှိသော ချေးငွေဖြစ်ပါကြောင်း၊ ယခုရယူမည့် ရခိုင်ပြည်နယ် ကင်းချောင်းတံတားတည်ဆောက်ခြင်း စီမံကိန်းအတွက် တံတားသံပေါင်များ ဝယ်ယူရန်ရယူမည့် ဩစတြီးယားချေးငွေ၏ Grant Element မှာ ၄၃ ဒသမ ၉၃ ရာခိုင်နှုန်း ဖြစ်သည့်အတွက် သက်သာသောချေးငွေဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အလေးထားဆောင်ရွက်

ဆက်လက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခြောက်လကာလအတွက် အမျိုးသားစီမံကိန်းရေးဆွဲရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသ ကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ မူဝါဒများ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးမှ ဖော်ထုတ်ချမှတ်ခဲ့သည့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုပန်းတိုင်များကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို ယခင်နှစ်များ၏ စီမံကိန်းအကောင်အထည်ဖော်နိုင်မှုများ၊ ဦးစားပေးဆောင်ရွက် ရမည့်ကဏ္ဍ၊ ဒေသ၊ အကြောင်းအရာနှင့် အစီအစဉ်များ၊ လက်ငင်းလိုအပ်ချက်များနှင့် ဘဏ္ဍာငွေရရှိနိုင်မှုများအပေါ် အခြေပြု၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ဆောင်ရွက် မည့်လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများကို ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေ ကိုက်၊ မကိုက်၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု၊ မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိတို့ကို သုံးသပ်စိစစ်ဆောင်ရွက် ခဲ့ပါကြောင်း။

အထူးသဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ ခြောက်လအတွင်း ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလော ဖြည့်ဆည်းပေးရန် လိုအပ်ချက်နှင့် အဆိုပါကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်း များ၊ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ နိုင်ငံတော်၏ အထူး လိုအပ်ချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်း များကို နိုင်ငံတော်၏ ခွင့်ပြုနိုင်မည့် ဘတ်ဂျက်ပမာဏအတွင်း အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်ရန် ပေါင်းစပ်ရေးဆွဲ ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အတွက် စီမံကိန်းရည်မှန်းချက်များသည် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာ နှစ် အမျိုးသားစီမံကိန်းနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းနှစ်ခုအကြား အချိတ်အဆက်မိစွာ ပေါင်းကူးဆောင်ရွက် ပေးမည့် လုပ်ငန်းအစီအစဉ်များ ဖြစ်ပါကြောင်း။

## မူဝါဒများနှင့်အညီ ရေးဆွဲ

ယခုပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသား စီမံကိန်းဥပဒေ(မူကြမ်း)၏ နောက်ဆက်တွဲတွင် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မူဝါဒ ၁၂ ရပ်အပေါ် မူဝါဒတစ်ရပ် ချင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များကို လည်းကောင်း၊ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ရေးဆွဲ ထားသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက် နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဌာန တစ်ခုချင်းအလိုက် ပြုစုတင်ပြထားပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)တွင် တိုင်းဒေသကြီး၊ ပြည်နယ်များ အပါအဝင် နိုင်ငံပိုင်အခန်းမှ ငွေကျပ် ၂၉၈၈ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုပြုရန် လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက် ဖြင့် ပြန်လည်ပေးပို့လာသည့် စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြရာ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

## ကြေညာ

အလားတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဖတ်ကြား တင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါများ ကာကွယ်နိုင်ရန် ပူးပေါင်း ဆောင်ရွက်ရေးဗဟိုဌာန ထူထောင်ရေး သဘောတူညီချက်အား အတည်ပြုပါဝင်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

## ပြည်သူလူထုက ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားတွေကို အဂတိတရားကင်းရှင်းစွာ ဆက်လက်ကြိုးပမ်း



**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ(**ယာပုံ**)ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က "ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဒီမိုကရေစီခရီးလမ်းဖြောင့်ဖြူးစေရန် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားထားစဉ် ကာလအတွင်း ကွယ်လွန်သွားခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးအတွက်လည်း ကျွန်တော့်အနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါတယ်။

"ဒီနေ့စတင်ကျင်းပတဲ့ သတ္တမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေဖြင့် ၂၆ ခု ရှိပါတယ်။ အဆိုများအနေဖြင့် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းပြီး ဆွေးနွေးရန်ကျန်ရှိအဆိုတစ်ခုနှင့် ယခုအသင့်ဖြစ်အဆို ရှစ်ခုရှိပါတယ်။ မေးခွန်းများအနေဖြင့် ဆဋ္ဌမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၂၀ ခုအပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၇၂ ခု ရှိကြောင်း အသိပေးတင်ပြပါတယ်။

"ယနေ့ကာလဟာ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အလေးထား ဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိဖို့အတွက် အရေးအကြီးဆုံး မှတ်တိုင်တစ်ခုဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ဖို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက စုပေါင်းဆွေးနွေး အဖြေရှာလျက်ရှိကြပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်ပြီး အသိပညာစွမ်းအား၊ စိတ်ဓာတ်ခွန်အားများနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရက အဓိက ကြိုးပမ်းဆောင်ရွက်နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြစ်ပါတယ်။

**ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နိုင်**

"လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ကောင်းမွန်တဲ့စေတနာ၊ ရင့်ကျက်တဲ့ အတွေးအခေါ်၊ ပြည့်စုံတဲ့ဉာဏ်ပညာ၊ ဗဟုသုတတွေကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားပြည်သူလူထုအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်တည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။

"ပြည်သူ့အသံကိုထင်ဟပ်စေတဲ့ လွှတ်တော်တွေဟာ ပြည်သူတွေ အားကိုးထိုက်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ ပြည်သူတွေအကြား ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေ ခိုင်မာအားကောင်းစေဖို့ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးမဏ္ဍိုင်ရဲ့တာဝန်တွေကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြဖို့ လိုအပ်ပါတယ်။ ကိုယ်စားလှယ်များက မေးမြန်းတဲ့ မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေ အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းတွေဟာ ပြည်သူလူထုအတွက် အကျိုးရှိ၊ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်၊ မကိုက်တို့ကို အသေအချာ ဆန်းစစ်လေ့လာပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပြည်သူလူထုက ယုံယုံကြည်ကြည်နဲ့ ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အဂတိတရားကင်းရှင်းစွာနှင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်"ဟု ပြောကြားသည်။

**⁕ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ကောင်းမွန်တဲ့စေတနာ၊ ရင့်ကျက်တဲ့ အတွေးအခေါ်၊ ပြည့်စုံတဲ့ဉာဏ်ပညာ၊ ဗဟုသုတတွေကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်**

**⁕ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားပြည်သူလူထုအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်တည်ဆောက်နိုင်**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ မှ ၂-၁၂-၂၀၁၇ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇-၁၁-၂၀၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် စက်မှုလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၁၂-၂၀၁၇ မှ ၈-၁၂-၂၀၁၇ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ "Global Robusta Coffee" ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို မှတ်တမ်းတင်သည်။

**ဓာတ်အားဖြန့်ဖြူးပေးသွားမည်**

အစည်းအဝေးတွင် ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဆလိုင်းရီယန်းဇဲလ်၏ **ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့တွင်နေထိုင်သည့် ပြည်သူများအား ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရန် ၅၀၀ ကေဗွီအေမီးစက်တစ်လုံး သို့မဟုတ် ၁၂၅၀ ကေဗွီအေမီးစက်တစ်လုံး ချထားပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရိခေါဒါရ်မြို့အမှတ်-၁ ရပ်ကွက်နှင့် အမှတ်-၂ ရပ်ကွက် နှစ်ခု၏ သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားပမာဏကို ခန့်မှန်းတွက်ချက်ရာတွင် ကီလိုဝပ် ၅၀၀ ခန့်သာရှိသည့်အတွက် လက်ရှိစက်တပ်ဆင်အင်အားဖြင့် နိုင်နင်းပါကြောင်း၊ သို့ပါ၍ ချင်းပြည်နယ် ရိခေါဒါရ်မြို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဓာတ်အားလိုင်းများ အားလုံးပြီးစီးသွားပါက အမှတ်-၁ ရပ်ကွက်နှင့် အမှတ်-၂ ရပ်ကွက် နှစ်ခုလုံးအား လက်ရှိဒီဇယ်စက်သုံးလုံးဖြင့် ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး-စကုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မန်းရေနံမြေ အရှေ့ဘက်ဂိတ်မှ ကြာကန်-ပေါက်ကုန်း-အောက်ကျောင်း-နန်းဦး-လေးအိမ်တန်း-လက်ပံတော-မယ်ဘော့ကုန်းရွာအနီး မန်းရေနံမြေလမ်းဆုံအထိ လမ်းအပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ယင်းလမ်းပိုင်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်မှာ ကျေးရွာချင်းဆက်လမ်းဖြစ်ခြင်း၊ ရေနံထုတ်လုပ်မှုနှင့် မသက်ဆိုင်၍ အသုံးစရိတ်(ဘတ်ဂျက်)လျာထားရန် အခက်အခဲရှိခြင်းနှင့် လူမှုစီးပွားအစီအစဉ်ဖြင့် ဆောင်ရွက်ရန်မှာလည်း အသုံးစရိတ် ကန့်သတ်ချက်များရှိနေခြင်းကြောင့် လက်ရှိအချိန်တွင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ လက်ရှိမြေသားလမ်းအား ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူပြီး ဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ အလုံး ၅၀ သို့မဟုတ် ၃၁၅ ကေဗွီအေ အလုံး ၃၀ ချထားပေးရန်နှင့် လိုအပ်သောခွဲရုံများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **မြန်မာနိုင်ငံတွင် နှစ်စဉ်လျှပ်စစ်သုံးစွဲမှုသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်သုံးစွဲလျက်ရှိရာ လာမည့် (၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁) ခုနှစ်တို့တွင် ပြည်သူများကို လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရန်နှင့် လုံလောက်ကောင်းမွန်အောင် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် မည်ကဲ့သို့အစီအစဉ်ချပြီး လုပ်ဆောင်နေသည်ကို သိလိုကြောင်း** မေးခွန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်ရှိ ငါးပြေမ ၆၆ ကေဗွီခွဲရုံနှင့် ပုသိမ်မော်တင်စွန်း ပင်မဓာတ်အားပေးလိုင်းကြီးနှင့် တစ်မိုင်အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကညင်ချောင်း၊ ကုန်းတန်းကျေးရွာများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထားထည့်သွင်းတွက်ချက်ပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုကြောင်း** မေးခွန်း၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၏ **၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ် တနိုင်းဒေသသို့ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တနိုင်းမြို့နယ် ကာမိုင်-တနိုင်း ၆၆ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်လျက်ရှိသော ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လွှတ်တော်၏အဆုံးအဖြတ်ရယူ**

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

အဆိုပါ "မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း"နှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်သုံးချက်ရှိသဖြင့် ယင်းအချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသွားမည်ကြောင်း သိရသည်။

**ကျော်သူထက်၊ မွှေးကြူဇင်(သတင်းစဉ်)**



**၂၀၁၈ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု မီးပုံပွဲနှင့် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေမှုကို တွေ့ရစဉ်။** သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နာဂရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**အလှူငွေများ ပေးအပ်**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်းယွန်းမြို့ နှစ်ခြင်းဘုရားကျောင်းသို့ရောက်ရှိပြီး ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံနှုတ်ဆက်ကာ ဒုတိယသမ္မတနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ခရစ်ယာန်ဘာသာရေးကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ယဉ်ကျေးမှုအက ဖျော်ဖြေ**

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ၂၀၁၈ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုမီးပုံပွဲနှင့် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ **(ယာပုံ)** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို သိရှိလာခဲ့ကြပြီဖြစ်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်တာများနှင့် ဆက်စပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းကိုလည်း သတိချပ်စေလိုကြောင်း၊ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းနှင့် နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်တောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဝဲကြီးဒေါင့်ကျေးရွာနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် (၂၀၀×၃၀×၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ်တစ်ဆောင်စီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်၊ အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်းအတွက် ငွေကျပ် ၁၈၈၀ ဒသမ ၃ သန်းခွဲဝေ ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ပေ (၁၈၀×၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ (၁၈၀×၃၀)RCC တစ်ထပ်ဆောင်တစ်ဆောင်၊ ပေ (၃၀×၃၀) သွပ်မိုး၊ သွပ်ကာ ယာယီတစ်ထပ်ဆောင် တစ်ဆောင်နှင့် ပေ (၃၀×၃၀)သွပ်မိုး၊ ထရံကာ ယာယီတစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် လေးဆောင်ရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေမှာ မူလတန်းအဆင့်တွင် ၁၆၀ ဦး၊ အလယ်တန်းအဆင့်တွင် ၄၉၆ ဦး၊ အထက်တန်းအဆင့်တွင် ၁၇၈ ဦး စုစုပေါင်း ၈၃၄ ဦး ရှိပါကြောင်း။

ရွှေပြည်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၈၀×၂၄) သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင် တစ်ဆောင်၊ ပေ (၁၈၀×၃၀)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်သုံးဆောင်ရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ မူလတန်းအဆင့်တွင် ၃၀၅ ဦး၊ အလယ်တန်းအဆင့်တွင် ၆၁၀၊ အထက်တန်းအဆင့်တွင် ၃၈၁ ဦး စုစုပေါင်း ၁၂၉၆ ဦးရှိပါကြောင်း၊ ကျောက်တော်မြို့နယ် ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပေ (၁၈၀×၃၀)RC တစ်ထပ်ဆောင် တစ်ဆောင်စီ အသစ်ဆောက်လုပ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေလျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။




**“ဟိုပန်မြို့နယ် မုန်းဟွမ်(ဝ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ) နှင့် မုန်းကွန်(ရှမ်း)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တို့သည် သတ်မှတ်မှုများနှင့် ကိုက်ညီသည့်အတွက် ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရန် ဆက်လက်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဦးစားပေးအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်”**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ကျေးလက်ဒေသပညာသင်ကြားရေး အခန်းကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုအရ အဆင့်တိုးမြှင့်ပေးခဲ့သည့် အခြေခံပညာကျောင်း စုစုပေါင်း ၄၁၂ ကျောင်း၊ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုမရှိသော်လည်း ပင်မကျောင်းနှင့် သတ်မှတ်ခရီး အကွာအဝေးထက် ပိုမိုဝေးကွာသဖြင့် သင်ယူမှုအခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အဆင့်တိုးမြှင့်ပေးခဲ့သည့် အခြေခံပညာကျောင်း ၄၆၈၇ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၅၀၉၉ ကျောင်းကို သက်ဆိုင်ရာကျောင်းအဆင့်များသို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ အဆင့်တိုးမြှင့်ပေးခဲ့မှုတွင် ဟိုပန်မြို့နယ်သည် မပါဝင်ခဲ့ကြောင်း။

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် မုန်းဟွမ်(ဝ) ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှာ မူလတန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး ရှိပြီး ပင်မကျောင်းဖြစ်သော ပန်ကောက်အခြေခံအလယ်တန်းကျောင်း(ခွဲ)နှင့် ၂ မိုင် ကျော်ခန့် ကွာဝေးပါကြောင်း၊ မုန်းကွန်(ရှမ်း)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ)မှာ မူလတန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးသာ ရှိသော်လည်း ပင်မကျောင်းဖြစ်သော မုန်းကွန် အခြေခံပညာမူလတန်းကျောင်းနှင့် ၂ မိုင်ကျော် ကွာဝေးပါကြောင်း၊ ဟင်းနားကျေးရွာသည် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်း ဖွင့်လှစ်ထားခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်လိုသည့် ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းကို ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကျောင်းဦးစီးဌာန၏ ကျောင်းစာရင်းတွင် ကျောင်းအဖြစ် ဖွင့်လှစ်ထားခြင်း မရှိသေးကြောင်း၊ မူလတန်းကျောင်းခွဲအဖြစ် ဖွင့်လှစ်မည်ဆိုလျှင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို ပညာရေးဝန်ကြီးဌာန အမည်ပေါက်အနေဖြင့် နိုင်ငံတော်ပိုင်အဖြစ် ဖွင့်လှစ်ထားရှိရန် ဦးစွာသတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဟိုပန်မြို့နယ် မုန်းဟွမ်(ဝ) ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှင့် မုန်းကွန်(ရှမ်း)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တို့သည် သတ်မှတ်မှုများနှင့် ကိုက်ညီသည့်အတွက် ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရန် ဆက်လက်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဦးစားပေးအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟင်းနားကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးရန်အတွက် ပထမဆုံးကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ မူလတန်းကျောင်းခွဲအဖြစ် လျှောက်ထားပြီးမှသာ လိုအပ်နေသည့် ကျောင်းဆောင်များကို ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အမည်ပေါက် နိုင်ငံတော်အဖြစ် အသိမှတ်ပြုကျောင်း ဖွင့်လှစ်ထားရှိခြင်း မရှိသေးသည့်အတွက် ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးလားလ်မင်းထန်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၅

**၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင်ကျရောက်သည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားကို လွိုင်ကော်မြို့ ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်မှ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားမိဘပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာဝပတိ အဖွဲ့ဝင်များဖြစ်သည့် ကယားလူမျိုးကိုယ်စားပြု ဦးတီရယ်၊ ကယန်းလဝီကိုယ်စားပြု ဦးပေါလုချမ်း၊ ကယန်းဂေခိုကိုယ်စားပြု ဦးစောရှမူအေးလာ၊ ကယန်းလထကိုယ်စားပြု ဦးနီကောလပ်စ်၊ ကယန်းကင်နက်ကိုယ်စားပြု ဦးကိုင်းရီ၊ ကယောကိုယ်စားပြု ဦးဆော်လမွန်၊ ကော်ရော်မိုနူ(မနူမနော) ကိုယ်စားပြု ဦးအန်ထော်နီတူးတူး၊ ယင်းတလဲကိုယ်စားပြု ဦးထွန်းဖေနှင့် ဂေဘားကိုယ်စားပြု ဦးရိုမားနိုစသည့် သဘာပတိကိုးဦးမှ နေရာယူပြီး အခမ်းအနားကို စတင်ကျင်းပသည်။

ဆက်လက်ပြီး နိုင်ငံတော်အလံအားအလေးပြုခြင်းနှင့် ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ကယားပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဘော့စ်ကိုမှ ဖတ်ကြားခြင်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ မိန့်ခွန်းအား ပြောကြားခဲ့သည်။ ထို့နောက် မယ်ဟောင်ဆောင် ခရိုင်အုပ်ချုပ်ရေးမှူးမှ ပေးပို့လာသော (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ဒု-ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ကြောင်း သိရသည်။



ဆက်လက်၍ လူထုအခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တာဝန်ရှိသူတို့က (၆၆)နှစ်မြောက် ကယားပြည်နယ်အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ပြည်နယ် (ပြန်/ဆက်)**

# မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ အရှေ့ဘက်မုခ်ဦးနှင့် တံတိုင်း ၂၁၈ ခန်း ရေစက်ချ အလှူမင်္ဂလာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

**တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ အရှေ့ဘက် မုခ်ဦးနှင့် တံတိုင်း ၂၁၈ ခန်း ရေစက်ချ အလှူမင်္ဂလာ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သာသနဟိတကာရီဓမ္မဗိမာန်၌ ကျင်းပသည်။**



မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး၏ မွေးနေ့ပူဇာအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဝကမ္မအလှူငွေများအား ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

**ကြွရောက် ချီးမြှင့်**

အခမ်းအနားသို့ နိုင်ငံတော် သြဝါဒစရိယ၊ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီး၏ မွေးနေ့ပူဇာအတွက် နဝကမ္မ အလှူငွေများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် စာချနာယက ဓမ္မရတနာဆရာတော် ဘဒ္ဒန္တစရဏ သာသနဓဇဓမ္မာစရိယထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း လောင်းလှူကြသည်။

**လက်ခံတွေ့ဆုံ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ( PNO) အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးကြသည်။

**ပေးအပ်ချီးမြှင့်**

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပသည့် (၅၆)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော် တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံအာမခံအသင်းရုံး ဖွင့်ပွဲနှင့်အတူ နိုင်ငံခြားအာမခံသင်တန်းကျောင်းများနှင့် နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၁၅**




မြန်မာနိုင်ငံ အာမခံအသင်းရုံး ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ၌ ကျင်းပရာ **(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင် ဦးဝင်းမြင့်ဟန်၊ မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအာမခံအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အာမခံအသင်းနှင့် နိုင်ငံခြားအာမခံသင်တန်းကျောင်းများဖြစ်သည့် General Insurance Association of Japan(GIAJ)၊ Insurance Institute of India(III)၊ Malaysia Insurance Institute (MII)၊ The Australian and New Zealand Institute of Insurance & Finance (ANZIIF)တို့အကြား နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးကြသည်။

"မြန်မာနိုင်ငံမှာ အာမခံ အကာအကွယ်ယူတဲ့သူတွေက လူ ၁၀၀၀ မှာ ၈၆ ယောက်ပဲရှိတော့ အင်မတန်နည်းနေပါသေးတယ်၊ အသင်းကို တည်ထောင်ပြီးရင် ဈေးကွက်ထဲမှာရှိတဲ့ အာမခံကုမ္ပဏီအချင်းချင်း စုပေါင်းပြီး New Product နဲ့ ဈေးကွက်တွေ ချဲ့မယ်၊ လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီးရှိလာမှာ ဖြစ်ပါတယ်၊ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ အာမခံကျောင်းတွေက ဆရာတွေ လာသင်မယ်၊ ပြည်ပအာမခံကုမ္ပဏီကြီးတွေမှာ အလုပ်သင်အနေနဲ့ လေ့လာနိုင်မယ်၊ စာချုပ်ထဲမှာ ဒီအချက်တွေ ပါဝင်ပါတယ်။ နောက်နှစ်ကစပြီး တိုးမြှင့်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်၊ နေပြည်တော်မှာလည်း ဖွင့်လှစ်ဖို့ လျာထားပါတယ်"ဟု မြန်မာနိုင်ငံ အာမခံအသင်းဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက ပြောသည်။

မြန်မာနိုင်ငံ အာမခံအသင်းရုံးသည် ရန်ကုန်မြို့၌ အာမခံသင်တန်းကျောင်းတစ်ခု ဆက်လက်တည်ထောင်ရန် လျာထားကြောင်း၊ နေရာအတိအကျကို စီစဉ်ဆဲဖြစ်ကြောင်း၊ သင်ကြားမည့် သင်ရိုးများကိုလည်း MoU ထိုးသည့် အဖွဲ့များနှင့် ပူးပေါင်း၍ စတင်ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

**ဖွဲ့စည်းထား**

မြန်မာနိုင်ငံ အာမခံအသင်းတွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခု အပါအဝင် စုစုပေါင်းအသင်းဝင် ၁၂ ခုဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက် ကျယ်ပြန့်လာစေရန် ပြည်သူလူထုအတွင်း အာမခံအကြောင်းကို စိမ့်ဝင်ပျံ့နှံ့ကာ အာမခံအကာအကွယ် ရယူလိုသည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် အာမခံအပေါ် ယုံကြည်အားထားလာစေရန်အတွက် စည်းရုံးဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ အာမခံအသင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က စ၍ ခွင့်ပြုချက်ရရှိခဲ့ကာ ယနေ့တွင် အသင်းရုံးကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**




မြန်မာနိုင်ငံ အာမခံအသင်းနှင့် General Insurance Association of Japan (GIAJ) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။



ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

**မန္တလေး ဇန်နဝါရီ ၁၅**

၂၀၁၈ ရာသီ MPT MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလေးနှင့် မော်လမြိုင်မြို့၌ ကျင်းပရာ ရတနာပုံအသင်းဂိုးပြတ်အနိုင်ရခဲ့ပြီး Southern အသင်းနှင့် GFA အသင်းတို့ သရေကျခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့် ပွဲတွင် ရတနာပုံအသင်းက ဧရာဝတီအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး စည်သူအောင်က တစ်ဦးတည်းလေးဂိုးသွင်းခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် GFA အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၄၅+၁ မိနစ်တွင် အောင်မိုးက Southern အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၇၆ မိနစ်တွင် ဇော်လင်းက GFA အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

**ထိပ်ဆုံးမှ ဦးဆောင်နိုင်**

ပွဲစဉ် (၁) အပြီးတွင် အနိုင်၊ အရှုံး ရလဒ်ထွက်ပေါ်သည့် နှစ်ပွဲသာရှိခဲ့ပြီး ကျန်လေးပွဲမှာ သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။ ပွဲစဉ် (၁) တွင် နိုင်ပွဲရခဲ့သည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့ အနက် ဂိုးကွာခြားချက်တွင် အသာရခဲ့သည့် ရတနာပုံအသင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လှဖိုးခေါင် ကြားစခန်းတည်ဆောက်မှု အချိန်မီအသင့်ဖြစ်မည်

နေပြည်တော် ဇန်နဝါရီ ၁၅

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ပြန်လည်လက်ခံရေးစခန်းများတွင် စနစ်တကျ စိစစ်လက်ခံပြီးသူများအား ယာယီထားရှိမည့် လှဖိုးခေါင် ကြားစခန်း စခန်းပြင်ဆင်နေမှု အခြေအနေအား ဇန်နဝါရီ ၁၄ ရက်တွင် သွားရောက်ကြည့်ရှုခဲ့သည်။**

ထိုသို့ ကြည့်ရှုစဉ် လှဖိုးခေါင်စခန်း ပြင်ဆင်နေမှု အခြေအနေ၊ UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက သတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့ကြသည်များကို ဖော်ပြလိုက်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**

UEHRD ရဲ့လုပ်ငန်းစဉ် တစ်ရပ်ဖြစ်တဲ့ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနဲ့ပတ်သက်ပြီး မြေပြင်ကွင်းဆင်းလာခြင်း ဖြစ်ပါတယ်၊ ၂၃ ရက်ကစပြီး ပြန်လည်လက်ခံလို့ရမယ်၊ ဒီလိုလက်ခံဖို့အတွက် တောင်ပြိုလက်ဝဲနဲ့ ငါးခူရမှာ လက်ခံရေးစခန်းတွေ လုပ်ထားတယ်၊ လက်ခံတဲ့နေရာမှာလည်း စိစစ်ပြီးမှ လက်ခံမှာပါ၊ စိစစ်လက်ခံပြီးတဲ့ သူတွေကို လှဖိုးခေါင် စခန်းမှာ သူတို့နေရာတွေမှာ အိမ်တွေဆောက်လုပ်နေတဲ့အချိန် ခေတ္တခဏထားရမှာ ဖြစ်ပါတယ်၊ ဆောက်လုပ်ပြီးတဲ့သူတွေက သွားလို့ရမယ်၊ မဆောက်လုပ်ခင်မှာ ဒီမှာခဏနေရမယ့် ကြားစခန်းပါ၊ ကျွန်တော်တို့ ဆောက်လုပ်တဲ့နေရာမှာ ၂၃ ရက်နေ့လောက်မှာ အလုံး ၃၀ လောက်ပြီးသွားမယ်၊ ရှစ်ခန်းတွဲ အလုံး ၃၀ ဖြစ်ပြီး တစ်ခန်းကို လူ ၄၀ လောက် ဆံ့တယ်၊ အလုံး ၃၀ ဆိုရင် လူ ၁၂၀၀ ဆံ့တယ်၊ လကုန်ရက်ကျရင် အလုံး ၉၀ နဲ့ ၁၀၀ လောက်ပြီးသွားမှာ ဖြစ်တဲ့အတွက် လူ ၄၀၀၀ နဲ့ ၅၀၀၀ လက်ခံနိုင်တဲ့ အခြေအနေဖြစ်ပါတယ်၊ ဇန်နဝါရီ ၁၅ ရက်မှာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် working group နှစ်ခုတိုင်ပင်မယ်၊ ပြန်ရောက်လာမယ့်သူတွေက လူဝင်မှုကြီးကြပ်ရေးက ပေးပို့တဲ့ပုံစံတွေ ဖြည့်ရမယ်၊ စိစစ်တဲ့နေရာမှာလည်း ဒီမှာနေခဲ့တဲ့သူ ဟုတ်သလား၊ အကြမ်းဖက်နဲ့ကင်းဝေးရမယ် စသဖြင့် အစစအရာရာ လုံခြုံစိတ်ချအောင် စိစစ်ပြီးမှ ဒီလူတွေတော့ ပြန်လက်ခံနိုင်တယ်ဆိုတဲ့ စာရင်းကို တစ်ဖက်နိုင်ငံကို ပို့ပြီးမှ ဒီဘက်ကို ပြန်လာမှာ ဖြစ်ပါတယ်၊ အခုထိတော့ ကျွန်တော်တို့လက်ထဲကို လာဖို့အတွက် စာရင်းမရောက်သေးပါဘူး၊ သို့သော်လည်း ကျွန်တော်တို့က စာချုပ်ချုပ်ထားတဲ့အတိုင်း သတ်မှတ်ထားတဲ့ရက်မှာ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။



ဦးညီပု (ရခိုင်ပြည်နယ် ဝန်ကြီးချုပ်)



ဦးဇော်မင်းသိန်း (အထွေထွေအတွင်းရေးမှူးချုပ်၊ UEHRD ဆောက်လုပ်ရေးအဖွဲ့)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

**ဦးညီပု( ရခိုင်ပြည်နယ် ဝန်ကြီးချုပ်)**

ပြန်လည်နေရာချထားရေးနဲ့ ပတ်သက်ပြီး နေရာ ၁၁ နေရာ သတ်မှတ်ထားပါ တယ်၊ ဒီ ၁၁ နေရာက မောင်တော မြောက်ပိုင်းမှာပါ၊ တောင်ပိုင်းမှာလည်းပဲ လျာထားတာရှိပါတယ်၊ ဒါပေမယ့် အဆုံးအဖြတ်က မကျသေးဘူး၊ ညှိနှိုင်းဆောင်ရွက်ဆဲပါ၊ ဒီလိုပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အကောင်းဆုံး လုပ်နေပါတယ်၊ နယ်စပ်ခြံစည်းရိုးလည်း ကာနေပါတယ်။

**ဦးဇော်မင်းသိန်း(အထွေထွေ အတွင်းရေးမှူးချုပ်၊ UEHRD ဆောက်လုပ်ရေးအဖွဲ့)**

UEHRD အဖွဲ့အစည်းရဲ့အောက်မှာ အဖွဲ့ကြီး ကိုးဖွဲ့ရှိပါတယ်၊ ကျွန်တော်က ဒီအဖွဲ့ကြီးကိုးဖွဲ့ရဲ့ အခြေခံအဆောက်အအုံတွေနဲ့ အဆောက်အအုံတွေ ဆောက်လုပ်မယ့် အဖွဲ့အစည်းရဲ့ လက်အောက်က ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အထွေထွေအတွင်းရေးမှူးချုပ်ပဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့အသင်းရုံးကို ရန်ကုန်မှာ အခြေစိုက်ပါတယ်၊ ဒါပေမယ့် စစ်တွေမှာလည်း ရုံးခွဲအနေနဲ့ ဝေသာလီကွင်းနေရာမှာ လုပ်ထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက စိစစ်လက်ခံမယ့်သူတွေအတွက် ပြန်လည်နေရာချထားဖို့ အဆောက်အအုံတွေ ဆောက်လုပ်ဖို့ဆိုတာ အရေးပေါ်လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့ကနေ ရခိုင်ပြည်နယ်အတွင်းက ဒေသခံကုမ္ပဏီ ၃၉ ခုကို တင်ဒါစနစ်နဲ့ ရွေးချယ်ခဲ့ပါတယ်၊ သူတို့လုပ်နိုင်တဲ့အပေါ် မူတည်ပြီး တစ်ဦးကို အလုံး ၂၀၊ ၁၅ လုံး၊ ၁၀ လုံး စသဖြင့် ခွဲပြီးတော့ လုပ်ဆောင်လျက်ရှိပါတယ်၊ အဆောက်အအုံ ဒီဇိုင်းတွေကို စိစစ်အတည်ပြုပြီးတဲ့အခါမှာ အဆောက်အအုံတွေ ဆောက်လုပ်မယ့် မြေနေရာမှာ မြေနုတ်၊ ပရိတ်ရွတ်စသဖြင့် ဆောက်လုပ်ရေး လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ငန်းဆောင်ရွက်နေပါတယ်၊ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေလည်း အဆင်သင့်ဖြစ်နေပါပြီ၊ အဆောက်အအုံ အလုံး ၃၀ လောက်မှာ လူဦးရေ ၁၀၀၀ ကျော်လောက် နေထိုင်နိုင်အောင် ဆောင်ရွက်သွားမှာပါ။

နောက်ပြီး ရာသီဥတုအခြေအနေကြောင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်တဲ့အခါမှာ နှောင့်နှေးနေမယ်ဆိုရင် အရန်အနေနဲ့ ယာယီတဲတွေကို အဆင်သင့် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုအနေနဲ့ A Plan, B Plan ဆိုပြီး ဆောင်ရွက်ထားပါတယ်။

အဆိုပါ လှဖိုးခေါင်စခန်းသည် ၁၂၄ ဧက ကျယ်ဝန်းပြီး အဆောက်အအုံ ၆၂၅ လုံး ဆောက်လုပ်မည်ဖြစ်ကာ လူဦးရေ ၃၀၀၀၀ ခန့်ထိ ယာယီနေထိုင်နိုင်မည် ဖြစ်သည်။ ဇန်နဝါရီလ ၂၅ ရက်တွင် အဆောက်အအုံ အလုံး ၄၀ နှင့် ဇန်နဝါရီလ ၃၁ ရက်တွင် အဆောက်အအုံ အလုံး ၁၀၀ ပြီးစီးမည်ဖြစ်ပြီး အဆောက်အအုံတစ်ခုတွင် လူဦးရေ ၈၀ နေထိုင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ တတိယအကြိမ်မြောက် ဆွေးနွေးပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ တတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဒီရေတောများ ပြုန်းတီးမှု မရှိစေရေး၊ ဒီရေတောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် ဒီရေတောများအား ပြန်လည်စိုက်ပျိုးရေး၊ ကျောက်ထုတ်လုပ်သည့်လုပ်ငန်းများ၊ အုတ်ဖုတ်လုပ်ငန်းများ၊ အရက်ချက်စက်ရုံများ၊ မြစ်သဲထုတ်လုပ်သည့်လုပ်ငန်းများတွင် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း မရှိသေးသည့်လုပ်ငန်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်များမှ စွန့်ထုတ်လုပ်သည့် ရေဆိုးများအား စနစ်တကျသန့်စင်သည့် စနစ်များဖြင့် စွန့်ထုတ်ခြင်းများ ဆောင်ရွက်သွားရေးနှင့် လူနေရိပ်သာများမှ စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်သွားရေး၊ စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများ၊ ရေကြောင်းပိတ်ဆို့မှု၊ တိမ်ကောမှုများကိုဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများအား မြစ်ချောင်းများနှင့် အဏ္ဏဝါပိုင်နက်အတွင်း စွန့်ပစ်မှုများမရှိစေရေး၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာများအားအခြေခံ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်အား နှစ်အလိုက် နှစ်တို ငါးနှစ်၊ နှစ်ရှည် ၁၀ နှစ် အစီအစဉ်များဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် မြစ်ကြောင်းများအတွင်း ပြေးဆွဲလျက်ရှိသော သင်္ဘောများနှင့် သင်္ဘောဆိပ်များတွင် စွန့်ပစ်အမှိုက်များ စနစ်တကျရှိစေရေး၊ စွန့်ပစ်အမှိုက်များကြောင့် ရေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန် ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများအား မြို့ပြနေပြည်သူများ၊ လူဦးရေအများစုနေထိုင်သည့် ကျေးလက်ဒေသနေ ဒေသခံပြည်သူလူထုများနှင့် အခြေခံပညာကျောင်းများသို့ကွင်းဆင်းပြီး ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရေးအတွက် ပုစွန်ကန်လုပ်ငန်းများအား သက်ဆိုင်ရာဌာနများမှခွင့်ပြုချက်များ စိစစ်ထုတ်ပေးရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများ ရှိ၊ မရှိ သေချာစွာ စစ်ဆေးပြီးမှ လုပ်ငန်းဆောင်ရွက် ခွင့်ပြုချက်များပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## NV ကတ် ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေး

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ကော်မတီဝင်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ခိုင်လုံသော အထောက်အထားပြသ**

ထိုလုပ်ငန်းစဉ်တွင် National Verification Card (NVC) ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း ပြည်သူများသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အစ္စလာမ်ဘာသာဝင် ရေလုပ်သားများအနေဖြင့် (NV)ကတ် ကိုင်ဆောင်ထားပြီး ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ဆောင်ပါက စိစစ်မှုခံယူရာတွင် ခိုင်လုံသော အထောက်အထား ပြသနိုင်မည်ဖြစ်သည်။

**အားပေးစကားပြောကြား**

ထို့ကြောင့် ရေလုပ်သားများ(NV)



ကတ်ကိုင်ဆောင်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့ စုပေါင်းရုံးတွင် အစ္စလာမ်ဘာသာဝင် ရေလုပ်သားများကို (NV)ကတ် ပြုလုပ်ဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှု၍ ဌာနဆိုင်ရာဝန်ထမ်းများကို လုပ်ငန်းဆောင်ရွက်နေမှုအပေါ် အားပေးစကား ပြောကြားသည်။

**အခက်အခဲများ ပြေလည်နိုင်**

၎င်းတို့အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ပါဝင်သော (NV)ကတ်များအား လာရောက်ပြုလုပ် ကိုင်ဆောင်ပါက တရားဝင် ပင်လယ်ပြင်ထွက်ခွင့်ရရှိမည်ဖြစ်ကာ လတ်တလော ပဋိပက္ခများကြောင့် ကြုံတွေ့နေရသော စားဝတ်နေရေး အခက်အခဲများ ပြေလည်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသ ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ မန်ကျည်းကုန်း(တိုင်းရင်းသား)ကျေးရွာ၊ ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာနှင့် သာယာကုန်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ တမန်းသား (တိုင်းရင်းသား)ကျေးရွာ၊ မင်းခမောင်း (တိုင်းရင်းသား)ကျေးရွာနှင့် ကြိမ်ချောင်း (ရောနှော)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာ၊ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့၌ နွားလေးကောင်နှင့် ဆိတ်ငါးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၈၃ ကောင်နှင့် ဆိတ် ၇၅၁ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# “လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး” ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ လှိုင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

**“လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး”ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ Yangon United Football Club(YUFC) ဘောလုံးကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ တစ်ထောင်ကျော် တက်ရောက်ကြသည်။** (အောက်ပုံ)




အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၊ စာရေးဆရာမ မမိုးမြေ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့်၊ အဆိုတော် ခိုင်မြဲသာ၊ အဆိုတော် Lil´Z ၊ စီးပွားရေးလုပ်ငန်းရှင် ဦးငြိမ်းချမ်း (Zaw Group) ၊ ဇော်ဇော်(မန္တလေး စာကြည့်တိုက်) တို့က စာပေ၊ အနုပညာ ကဏ္ဍများအပြင် မိမိတို့၏ ဘဝတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများ အသိပညာ၊ ဗဟုသုတရရှိစေရန် ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယနေ့ စကားဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက “ဒီစကားဝိုင်းမှာ ကျွန်မအနေနဲ့ လူငယ်နဲ့နိုင်ငံရေး ခေါင်းစဉ်အောက်ကနေ ဟောပြောခဲ့ပါတယ်၊ လူငယ်တွေအနေနဲ့ နိုင်ငံရေးကို စိတ်ဝင်စားရမယ်၊ သူတို့တွေအနေနဲ့ နိုင်ငံရေးကို မျက်ခြည်ပြတ်လို့ မရပါဘူး၊ အားလုံးဟာ နိုင်ငံရေးနဲ့ပတ်သက်နေတယ် ဆိုတဲ့ အကြောင်းကို ဟောပြောခဲ့တာပါ၊ ဒီလို စကားဝိုင်းတွေ ပြုလုပ်လာတာ အင်မတန်ကောင်းပါတယ်၊ လူငယ်တွေအတွက် ဒီလိုပွဲတွေကနေ ကလေးတွေအတွက် စာအုပ်တွေ အများကြီး ဖတ်ရသလို အတွေ့အကြုံ၊ ဗဟုသုတနဲ့ အသိပညာတွေ အများကြီးရရှိလာမယ်၊ အသိအမြင်တွေ ပိုမိုကြွယ်ဝလာပြီး နိုင်ငံတော်အတွက် အကျိုးပြုမယ့် သားကောင်းရတနာလေးတွေဖြစ်လာလိမ့်မယ်လို့ မြင်ပါတယ်”ဟု ပြောသည်။

လှိုင်မြို့နယ်အတွင်းရှိ လူငယ် လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိအမြင်၊ ဗဟုသုတ တိုးပွားစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်က လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“ဒီပွဲကနေ ကျွန်တော်တို့အတွက် အသိပညာ၊ ဗဟုသုတတွေ အများကြီးရပါတယ်၊ မသိသေးတဲ့အရာတွေ တော်တော်များများလည်း သိခွင့်ရသလို သိပြီးသားတွေလည်း ပိုပြီးနားလည် သဘောပေါက်သွားပါတယ်၊ ဒီပွဲကနေ အဓိကရရှိခဲ့တာကတော့ ကျွန်တော်တို့အနေနဲ့ စာများများဖတ်ဖို့လိုတယ်ဆိုတာကို နားလည်ခဲ့ပါတယ်၊ စာဖတ်မှ အရာရာ တိုးတက်ပြောင်းလဲမယ် ဆိုတာကို သိခဲ့ပါတယ်”ဟု အဆိုပါပွဲသို့ တက်ရောက်လာသူ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်သီဟနောင်က ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက် အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ တစ်ထောင်ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲ မစတင်မီ သက်ငယ်မုဒိမ်း အသိပညာပေးအဖွဲ့၏ အသိပညာပေး ဖျော်ဖြေတင်ဆက်မှုများအပြင် အိပ်မက်ဆုံရာ အစီအစဉ်မှ တေးသံရှင်များကလည်း တေးသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာ ဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

# ချောင်းမငယ် ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေ စစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅) မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ် ရေလှောင်တမံသို့ သွားရောက်ပြီး တမံကြံ့ခိုင်မှု အခြေအနေနှင့် နွေစပါးလျာထားကေပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါပုံ)**

**သတင်းစဉ်**

# အင်းတော်ကြီးကန်တွင် အာရှရေပျော်ငှက်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ စာရင်းကောက်ယူ တစ်ရက်အတွင်း ရေပျော်ငှက် ၄၁ မျိုး၊ အကောင်ရေပေါင်း တစ်သောင်းကျော်တွေ့ရှိ

**မိုးညှင်း ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်တွင် အာရှရေပျော်ငှက်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ စာရင်းကောက်ယူရာ တစ်ရက်အတွင်း ရေပျော်ငှက် ၄၁ မျိုး၊ အကောင်ရေပေါင်း တစ်သောင်းကျော် တွေ့ရှိခဲ့ကြောင်း သိရသည်။

အာရှတိုက်အတွင်း ရေဝပ်ဒေသမှ ရေပျော်ငှက်များ စာရင်းကောက်ယူခြင်းလုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ဇန်နဝါရီ ၆ ရက် မှ ၂၂ ရက်အထိ တစ်ပြိုင်တည်း ကောက်ယူမည့် စီမံချက်အရ ဇန်နဝါရီ ၉ ရက်က ကချင်ပြည်နယ် အင်းတော်ကြီးကန်အတွင်း ရေပျော်ငှက် ၄၁ မျိုးနှင့် ငှက်ကောင်ရေပေါင်း ၁၇၂၄၉ ကောင်ကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

“ငှက်ကောင်ရေတွေမထပ်အောင် တစ်ပြိုင်တည်း အချိန်ကာလတစ်ခု သတ်မှတ်ပြီး ကောက်ယူနိုင်ခဲ့တာဖြစ်ပါတယ်၊ အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးဌာနအပြင် Wild Life Conservation Society (WCS)၊ Fauna and Flora International(FFI)၊ Friends of wild Life၊ မန္တလေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မိုးညှင်းဒီဂရီကောလိပ်တို့မှ သတ္တဗေဒဌာနများ ၊ Mandalay Batton in Myanmar ခရီးသွားအဖွဲ့၊ အင်းချစ်သူများအဖွဲ့ စတဲ့အဖွဲ့အစည်းတွေက အဖွဲ့သုံးဖွဲ့ခွဲပြီး စာရင်းကောက်ယူခဲ့ကြတာပါ၊ ဒါပြီးရင် အင်းလေးကန် ဘေးမဲ့တော၊ မိုးယွန်းကြီးဘေးမဲ့တော၊ တောင်သမန်အင်း၊ ပုလိပ်အင်း ၊ ပြူကန် စတဲ့ ရေဝပ် ဒေသတွေက ရေပျော်ငှက် စာရင်းကို ဆက်လက်ကောက်ယူသွားကြမှာပါ၊ အင်းတော်ကြီးကန်မှာတော့ ရေပျော်ငှက်တွေအပြင် သစ်တောငှက်မျိုး အပါအဝင် ငှက်မျိုးပေါင်း ၁၀၉ မျိုးကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ ကောက်ယူရရှိသည့် ရေပျော်ငှက်စာရင်းကို Wet Land International သို့ W.C.S နှင့် သစ်တောဦးစီးဌာနတို့က သီးခြားဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်းတော်ကြီးကန်သို့ ရေပျော်ငှက်များ စာရင်းကောက်ယူရာတွင် အင်းတော်ကြီး အရှေ့ဘက်ကမ်းတွင် တစ်ဖွဲ့၊ အင်းတော်ကြီးချောင်းသို့ တစ်ဖွဲ့၊ အင်းတော်ကြီးအင်း အနောက်ဘက်ကမ်းတွင်တစ်ဖွဲ့ စသည်ဖြင့် အဖွဲ့သုံးဖွဲ့ခွဲ၍ စစ်တမ်းများ ကောက်ယူခဲ့ကြကြောင်း သိရသည်။

**နီတိုး**



# ပျက်စီးဆွေးမြည့်မှုမြန်ဆန်သည့် ပလတ်စတစ်များ မန္တလေးမြို့တော်အတွင်း သုံးစွဲနိုင်ရန် စီစဉ်မည်

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ချသည့်အနေဖြင့် အလွယ်တကူ ပျက်စီးဆွေးမြည့်မှုမြန်ဆန်သည့် ပလတ်စတစ် (HDPE) များ သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောပြသည်။

"Oxium လို့ခေါ်တဲ့ ဓာတုပစ္စည်းကို ကော်စေ့ကျိုတဲ့ထဲမှာ ၃ ရာခိုင်နှုန်းလောက်ထည့်လိုက်ရင် မြန်မြန်ဆွေးမြည့်နိုင်တဲ့ ပလတ်စတစ်နဲ့လုပ်ထားတဲ့ အိတ်အပါအဝင် အခြားပစ္စည်းတွေ ရရှိပါတယ်၊ မြို့တော်ဝန်ကြီးကတော့ ပလတ်စတစ်လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီးပါပြီ၊ နောက်ပိုင်းမှာ ဒီနည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ပလတ်စတစ်ပစ္စည်းတွေ ဈေးကွက်ထဲရောက်လာနိုင်မှာပါ”ဟု ၎င်းက ပြောသည်။

**ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်း**

လက်ရှိအသုံးပြုနေသည့် ပလတ်စတစ်(LDPE) ပစ္စည်းများသည် နှစ်တော်တော်ကြာသည့် အချိန်ထိ ပျက်စီးမှုမရှိသော်လည်း ယခုနည်းပညာဖြင့် ထုတ်လုပ်မည့် HDPE ပလတ်စတစ်များသည် နှစ်နှစ်မှ ငါးနှစ်အတွင်း အလွယ်တကူ ပျက်စီးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုက်ရိုက်ဝယ်လို့ရ**

“ဒီဓာတုဗေဒ ရောနှောပြီး ထုတ်လုပ်တဲ့ ပလတ်စတစ်တွေကို လက်ရှိအသုံးပြုနေတဲ့ စက်တွေနဲ့ပဲ ထုတ်လုပ်နိုင်ပါတယ်၊ ဒီဓာတုဆေးကို ထုတ်လုပ်တဲ့ အင်ဒိုနီးရှားနိုင်ငံ ကုမ္ပဏီက တာဝန်ရှိသူတွေနဲ့လည်း ဆွေးနွေးပြီးပါပြီ၊ ဒါ့အပြင် မြန်မာနိုင်ငံကို ကော်စေ့တွေ တင်သွင်းနေတဲ့ အဲဒီနိုင်ငံက ကုမ္ပဏီတစ်ခုကလည်း ဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်၊ သူတို့က ကော်စေ့နဲ့အတူ ဒီဓာတုဆေးကိုလည်း ရောင်းပေးမယ်၊ ထုတ်လုပ်တဲ့ကုမ္ပဏီမှာလည်း တိုက်ရိုက်ဝယ်လို့ ရပါတယ်”ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

**ပိုမို အထောက်အကူပြု**

အမေရိကန်နှင့် အိမ်နီးချင်းနိုင်ငံများတွင် Oxium (Oxo-Degradable Plastic )ထည့်သွင်း အသုံးပြုသည့် HDPE (High-density polyethylene) ပလတ်စတစ်များကို အသုံးပြုနေပြီဖြစ်ကြောင်း၊ ရိုးရိုး LDPE (Low-density polyethylene )ထက် ကော်စေ့သုံးစွဲမှု ၅၀ ရာခိုင်နှုန်း လျော့နည်းခြင်းကြောင့် ရေနံမှ ထုတ်လုပ်သည့် ကော်စေ့များ သုံးစွဲမှု လျော့ချနိုင်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပိုမို အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း သိရသည်။

**အသိပေးတားမြစ်**

မန္တလေးမြို့တော်အတွင်း ကြွပ်ကြွပ်အိတ်များ သုံးစွဲ စွန့်ပစ်မှုကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ မီးရှို့ဖျက်ဆီးပါက လေထုညစ်ညမ်းစေခြင်း၊ မြေမြှုပ်ဖျက်ဆီးလျှင်လည်း အလွယ်တကူ ဆွေးမြည့်မှုမရှိခြင်း၊ စိုက်ပျိုးမြေများတွင် မြေဆီလွှာ ထိခိုက်ပျက်စီးစေခြင်းတို့ကြောင့် ကြွပ်ကြွပ်အိတ်ကင်းစင်ရေးမြို့တော်ဖြစ်စေရန် ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုတို့ကို ၂၀၀၉ ခုနှစ်က သတင်းစာများမှ အသိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ လူငယ်နှင့် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပမည်




**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ လူငယ်နှင့် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ စာရေးဆရာ ဖိုးအောင်လေး၊ စာရေးဆရာ မောင်ဇေယျာနှင့် မြို့နယ်သတင်းထောက် မသူဇာနွယ်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

အားနည်းချက်တွေ ပြန်လည်ပြင်ဆင်ထားပါတယ်၊ အဓိကကတော့ ဂိုးရအောင် ကြိုးစားဖို့ပါ၊ အသင်းလိုက်ကစားပုံရော တစ်ဦးချင်းကစားပုံပါ ကောင်းမွန်လာအောင် ပြုပြင်ထားပါတယ်၊ အလွန်ခက်ခဲတဲ့ပွဲကို ရင်ဆိုင်ရမှာဖြစ်ပေမယ့် အကောင်းဆုံးရလဒ်ရအောင် ကြိုးစားသွားမှာပါ”ဟု ပြောသည်။

ဆီရက်စ်အသင်းနည်းပြချုပ် ဗီဒါကိုဗစ်က “ရှမ်းယူနိုက်တက်အသင်းကစားတာကို မတွေ့ဖူးပေမယ့် သူတို့အကြောင်းကို သေချာလေ့လာထားပါတယ်၊ ခက်ခဲတဲ့ပွဲတစ်ပွဲကို ရင်ဆိုင်ရမှာဖြစ်ပေမယ့် အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ နိုင်ပွဲရအောင် ကြိုးစားမှာပါ”ဟု ပြောသည်။

ဇန်နဝါရီ ၁၄ ရက်က ကွယ်လွန်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း (၅၀ နှစ်)အတွက် ပွဲမစမီ ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်မည်ဖြစ်ပြီး လက်ပတ်အမည်းများ ဝတ်ဆင်ကစားမည်ဖြစ်သည်။ ဦးဆန်းဝင်းသည် ၂၀၁၇ ရာသီတွင် ရှမ်းယူနိုက်တက်အသင်း အမှတ်ပေးနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ချန်ပီယံဆုရအောင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ပြီး ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ဦးဆန်းဝင်းသည် ငွေခေတ်ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၂၀၀၆ မာဒေးကားဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့သူလည်းဖြစ်သည်။ ဦးဆန်းဝင်း ကွယ်လွန်ခြင်းအတွက် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရှိတ်ဆယ်မန်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**

# ဂုဏ်ပြုကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)နှင့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု(YBS)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ၁၆-၁-၂၀၁၈ ရက်တွင် (၁)နှစ်ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

၁၆-၁-၂၀၁၇ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အချိန်ကာလအတွင်း ခရီးသွားပြည်သူများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်/မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ (YBS)ယာဉ်လိုင်းများ၊ (YRTA)အဝေးပြေးယာဉ်လိုင်းများ၊ ကိုယ်ပိုင်ယာဉ်ပိုင်ရှင်များ၊ (City Taxi) ယာဉ်ပိုင်ရှင် ယာဉ်မောင်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ရင်းတပ်ဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ သမဂ္ဂအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရပ်ကွက်အသီးသီးမှ ပြည်သူလူထုအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ မှတ်တမ်းတင်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)**
**ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု(YBS)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် CC/9729 Toyota Corolla CE.107 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၁၂/ကမရ(နိုင်)၀၀၁၂၆၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/1240 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ခွန်မောင်လွင်ဦး ၃/ဘအန(နိုင်)၂၉၃၀၅၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် အထက(၇)မှ အလယ်တန်းပြ ဆရာမ ဒေါ်သက်သက်အောင် ၁၂/မရက(နိုင်)၀၉၈၇၉၉၈၏ဖခင် ဦးအောင်မြတ်နှင့် ဦးမျိုးမြင့် ၁၂/မရက(နိုင်)၀၆၃၉၉၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊ ၁၈၊၁၄၊ ၁၀၊၅)စီးယာဉ်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစျှပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**အများသိစေရန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ အမာ(၂)ဘ၀သစ်ကျေးရွာ၊ မိုးကောင်းလမ်း ဦးထွန်းစိန်ဖြူ အမည်ပေါက် ဒေါ်လှဝင်းမေ ပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေပေ (၂၇၀×၁၀၀၀)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိခင်ဒေါ်လှဝင်းမေမှ သမီး ဒေါ်လှသိန်းတင်သို့ ၁၄-၆-၂၀၁၇ ရက်တွင် အပြီးအပိုင်ပေးအပ်ခဲ့ပါသည်။ ထိုသို့ အပိုင်ပေးအပ်သည်ကို ကျန်သားသမီးများဖြစ်သော ဦးအောင်တင်မောင်၊ ဦးအောင်သိန်းတင်၊ ဒေါ်သန်းမြိုင်တို့မှလည်း ကျေနပ်သဘောတူခဲ့ကြောင်း အဆိုပါခြံမြေနှင့်ပတ်သက်ပြီး ဒေါ်လှသိန်းတင်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/3534 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဦးဉာဏ်လင်းထွန်း (ဗိုလ်ကြီးဉာဏ်လင်းထွန်း-ငြိမ်း၊ OTS-102)**
**သိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၄)နေ ဦးဉာဏ်လင်းထွန်း ၁၂/ကမတ(နိုင်)၀၀၀၈၉၂ အား ယုံကြည်အပ်နှံထားသော ငွေကြေးများနှင့် ပတ်သက်၍ ၇-၂-၂၀၁၈ ရက်နောက်ဆုံးထား၍ ဦးမျိုးမင်းစိုး ၉/မထလ(နိုင်)၀၀၉၂၀၄အား ပြန်လည်ပေးအပ်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြန်လည်ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ညွန့်ညွန့်ဝေ**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၉)**
**အမှတ်-၈၀၃၊ ကံသာလမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၇၃၁၀၆၀၈၄**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကသာမြို့နေ ဒေါ်ကြည်လေး၏မြေး၊ ဒေါ်လေးလေးမြင့်(ခ)ဘေဘီ၏သား၊ မောင်မင်းမင်းအောင်(ခ)စနိုး ၉/လဝန(နိုင်)၁၄၉၇၈၂သည် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် လူမှုရေးအရှုပ်အရှင်း ပြဿနာများအား အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

**အဘွား-ဒေါ်ကြည်လေး ၉/မနတ(နိုင်)၀၅၅၆၁၀**
**မိခင်-ဒေါ်လေးလေးမြင့်(ခ)ဘေဘီ ၅/ကသန(နိုင်)၀၇၉၆၃၁**

# မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ အဆောက်အအုံတစ်လုံး မီးလောင်

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၃ လမ်းနှင့် ၅၄ လမ်းကြား ၃၅ လမ်းရှိ PIONEER BAR အဆောက်အအုံအတွင်း၌ ယနေ့ နံနက် ၉ နာရီခွဲက အဆောက်အအုံ ပြင်ဆင်နေသည့် အခန်းအတွင်း ဝရိန်ဆော်သည့် မီးပွားကျရာမှ အနီးပတ်ဝန်းကျင်ရှိ ဖော့များ၊ အထပ်သားများ၊ လျှပ်စစ်ပစ္စည်းများကို မီးကူးစက်လောင်ကျွမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးမှူးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မီးငြှိမ်းသတ်ယာဉ် အစီး ၃၀၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ တို့ဖြင့် မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားသည်။



အဆိုပါ လောင်ကျွမ်းမှုကြောင့် ပေ(၆၀ × ၆၀) ပတ်လည် အဆောက်အအုံအတွင်းရှိ အထပ်သားများ၊ ဖော့များနှင့် လျှပ်စစ်ပစ္စည်းမျိုးစုံ ဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အဆိုပါ ဆိုင်မန်နေဂျာ ဦးမျိုးမင်းဦးအား အမှတ် (၉) မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လမ်းဘေးတွင် စုပုံထားသည့် ပိုင်ရှင်မဲ့ စိုက်ပျိုးရေးသုံးဆေးများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၀၂၀၊ သွင်းကုန် ၉၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး ၊ သွင်းကုန် ၁၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅၂၂ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၄ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဖြူရော်ဘာခြံရှောင်ကွင်းလမ်းသို့ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာလမ်းဘေး၌ စုပုံထားသော ပိုင်ရှင်မဲ့ပစ္စည်းများဖြစ်သည့် စိုက်ပျိုးရေးသုံးဆေး သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၇၇၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါက်တောမြို့နယ် ဘင်္ဂလားပင်လယ်အော်တွင် ကုန်တင်သင်္ဘောက ငါးဖမ်းလှေကိုဝင်တိုက် တစ်ဦးသေ

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အနောက်ဖရုံကာခေါ် မြေငူကျွန်းအနီး ဘင်္ဂလားပင်လယ်အော်တွင် ကုန်တင်သင်္ဘောတစ်စင်းက ငါးဖမ်းစက်လှေတစ်စင်းကို ယနေ့ နံနက် တစ်နာရီကျော်ခန့်က ဝင်တိုက်မိရာ ငါးဖမ်းစက်လှေ နစ်မြုပ်သွားပြီး စက်လှေပေါ်ပါသူ ၃၂ ဦးအနက် တစ်ဦးသေ၊ လေးဦးပျောက်ဆုံးနေပြီး တစ်ဦးဒဏ်ရာရရှိကာ စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီး၌ တက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

သေဆုံးသွားသူမှာ ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာ၌ နေသူ စက်လှေပဲ့နင်း ဦးအောင်စိန်မြ(၅၂ နှစ်) ဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူများမှာလည်း ပေါက်တောမြို့နယ်မှ ဖြစ်ပြီး ဦးခင်မောင်ဦး(၂၇ နှစ်) ပြိုင်းတောင်ရွာ၊ ဦးစိန်ဦးချေ(၂၈ နှစ်) ပြိုင်းတောင်ရွာ၊ မောင်နေလင်းထွန်း(၁၉ နှစ်) ပြိုင်းတောင်ရွာနှင့် ဦးမောင်လှသိန်း (၄၉ နှစ်) ယာဘိုက်ရွာတို့ ဖြစ်ကြသည်။ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော ဦးလှရွှေသန်း(၄၅ နှစ်) ပြိုင်းတောင်ရွာ၌ ယင်း ငါးဖမ်းလှေကို ဦးစီးလုပ်ကိုင်နေသူ ဖြစ်သည်။

"ကျွန်တော်တို့ ကျော့ပိုက်လှေက မီးပြပြီး ငါးဖမ်းနေပါတယ်၊ ကျွန်တော်တို့မှာ အတွဲလှေ နောက်တစ်စင်းပါပါတယ်၊ အဲဒီလှေက အော်ပြီး "သင်္ဘောတိုက်မယ်၊ သင်္ဘောတိုက်တော့မယ်" လို့ ပြောပါတယ်၊ ကျွန်တော်လှည့်ကြည့်လိုက်တော့ ဝင်တိုက်လိုက်ပါပြီ၊ ဘာမှလည်း လုပ်လို့မရလိုက်ပါဘူး၊ စက်လှေပဲ့ပိုင်းကို ဝင်တိုက်လိုက်တာပါ၊ စက်လှေ နစ်မြုပ်သွားတော့ ကျွန်တော်တို့အကုန် လုံးပါသွားပါတယ်" ဟု ဆေးရုံတက်ကုသနေသူ ဦးလှရွှေသန်းက ပြောသည်။

**လေးဝတီထွန်းစောခိုင်**

# မိတ္ထီလာ ပန်းလေပြေဟိုတယ်၌ စားပွဲထိုးနှစ်ဦး ဓားခုတ်ခံရ

**မိတ္ထီလာ ဇန်နဝါရီ ၁၅**

မိတ္ထီလာ ပန်းလေပြေဟိုတယ်၌ ဟိုတယ်ကြီးကြပ်ဝန်ထမ်းအား လူတစ်ဦးက ရန်စဆဲဆိုကာ ဓားဖြင့် ရန်ပြုရာမှ စားပွဲထိုးနှစ်ဦးကို ဓားဖြင့်ထိုးခုတ်ခံရမှု ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းလေပြေဟိုတယ် ဘားကောင်တာရှေ့၌ အရက်သောက်နေသော ကိုမြတ်ထူးအောင်အား အမည်မသိ လူသုံးဦးက ဝိုင်း၍ ရန်စနေကြသည်ကို မြင်တွေ့ရ၍ ဟိုတယ်ကြီးကြပ်ဝန်ထမ်း ကိုမျိုးကိုကို(ခ) ကိုမျိုး(၂၄ နှစ်)က သွားရောက်ဖျန်ဖြေရာ ထို လူသုံးဦးမှာ ဟိုတယ်အဝင် လမ်းမဘက်သို့ ထွက်ခွာသွားသည်။

ယင်းနောက် ကိုမျိုးကိုကိုမှာ ငွေရှင်းကောင်တာအနီးတွင် ရှိနေစဉ် ယင်းလူသုံးဦးထဲမှ အင်္ကျီအနက်ရောင်ဝတ်ဆင်ထားသည့် အမည်မသိလူတစ်ဦး ရောက်ရှိလာပြီး ရန်စကားပြောကာ ညစ်ညမ်းစွာဆဲဆို၍ အသင့်ပါလာသော တစ်တောင်ခန့်ရှိ ဓားဖြင့် လှမ်းခုတ်ရာ မထိမိဘဲ အနီးရှိ အောင်မြင့်မြတ်(၁၉ နှစ်)(စားပွဲထိုး)၏ ဝမ်းဗိုက်ထိမှန်ထိုးသွင်းဒဏ်ရာ ရရှိသွားသည်။ ဓားဖြင့်ရန်ပြုသူမှာ ကိုမျိုးကိုကိုအား ဆက်လက်ရန်ရှာနေသဖြင့် အောင်သီဟ (၁၉ နှစ်)(စားပွဲထိုး)က ဝင်ရောက်ဖျန်ဖြေရာ ဓားဖြင့် ထပ်မံခုတ်သဖြင့် အောင်သီဟ၏ ယာဘက်လက်ဖဝါး ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး ကိုမျိုးကိုကို၏ ယာဘက် မေးရိုးကိုလည်း ဓားဖြင့်ရန်ပြုသူက လက်သီးဖြင့် ထိုးခဲ့ကြောင်း၊ ဓားဖြင့်ရန်ပြုသူ၏ အမည်မှာ ဥက္ကာ ဟု သိရကြောင်း၊ ၎င်းကို အရေးယူပေးရန် ကိုမျိုးကိုကိုက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ကိုမျိုးကိုကို ယာမေးရိုးနာကျင်ဒဏ်ရာ (မစိုးရိမ်ရ)၊ အောင်မြင့်မြတ် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ (စိုးရိမ်ရ)၊ အောင်သီဟ ယာလက်ဖဝါးပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ) တို့ဖြင့် မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ပြင်ပလူနာဌာန၌ ဆေးကုသမှုခံယူကာ ယင်းအမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အင်းဝ အပ်ချုပ်ဆိုင်ပိုင်ရှင်ဖြစ်သူ အင်းစိန်ဗဟိုအကျဉ်းထောင်ဆေးရုံ၌ သေဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏ ရာဇဝတ်ကြီး အမှုအမှတ်(၁/၂၀၁၇) ကလေးသူငယ် ဥပဒေပုဒ်မ၆၆(ဃ)အမှု၊ ရာဇဝတ်ကြီး အမှုအမှတ်(၂/၂၀၁၇)ရာဇသတ်ကြီးပုဒ်မ ၃၂၅/၃၄၁/လူကုန်ကူးပုဒ်မ ၂၄ အမှုတို့မှ တရားခံ ကျောက်တံတားမြို့နယ်ရှိ အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်တင်သူဇာ (၅၉ နှစ်)သည် တရားရုံးမှ စုစုပေါင်းထောင်ဒဏ် ၁၆ နှစ် တစ်လချမှတ်ခံရပြီးနောက် ရန်ကုန်မြို့အင်းစိန်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေစဉ် ဆီးချိုရောဂါဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ဇန်နဝါရီ ၁၃ ရက်တွင် သေဆုံးသွားကြောင်း သိရသည်။

၎င်း၏ ရုပ်အလောင်းအား သမီးဖြစ်သူက ၎င်းတို့ဘာသာ ဓလေ့ထုံးစံဖြင့် မြေမြှုပ်သင်္ဂြိုဟ်နိုင်ရန် အကျဉ်းထောင်တာဝန်ခံအရာရှိ၏ ခွင့်ပြုချက်ဖြင့် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် ရုပ်အလောင်းအား အကျဉ်းထောင်မှ မင်္ဂလာဒုံမြို့နယ် ရေဝေးသုသာန်အတွင်း၌ ဘာသာရေးဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **ကျော်ကျော်(မလှိုင်)**

# သံဖြူဇရပ်မြို့နယ်၌ ရထားနှင့်ကား တိုက်မိ

**မော်လမြိုင် ဇန်နဝါရီ ၁၅**

မော်လမြိုင်ဘူတာမှ ရေးဘူတာသို့ စက်ခေါင်းမောင်း ဦးသန်းဝင်း၊ ရထားထိန်း ဦးမျိုးမြင့်အောင် လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၇၁)အဆန် လူစီးကုန်ရထားသည် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်ဘူတာနှင့် UC ဘူတာကြားရထားလမ်းမိုင်တိုင်အမှတ်(၂၁၉/၃မှ၄)တွင် ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲခန့်က သံဖြူဇရပ်မြို့နယ် ကရင်တောင်ကျေးရွာ ရွာလယ်ကွင်းသစ် အမှတ်(၅၃) နေ ဦးပန်းအောင်မောင်းနှင်လာသော Lightruck အဖြူရောင် 1P /---- သည် (ရပ်-ကြည့်-သွား) တရားမဝင် ရထားလမ်းကူးကို ရှေ့မှနောက်သို့ဖြတ်သန်းမောင်းနှင်စဉ် အမှတ်(၁၇၁) အဆန်လော်ကယ်လူစီးရထားစက်ခေါင်းအမှတ် DD-937 ဖြင့် တိုက်မိကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် Lightruck ယာဉ်မောင်းနှင့် ရထားစီးခရီးသည်များ ထိခိုက်မှုမရှိကြောင်းသိရပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ UC ရုံပိုင်ကြီး ဦးဇော်ဝင်းက သံဖြူဇရပ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# အီရန်ရေနံတင်သင်္ဘောနစ်မြုပ်မှုတွင် ပါဝင်ခဲ့သည့် အမှုထမ်းများအတွက် အီရန်ခေါင်းဆောင် ဝမ်းနည်းပူဆွေး

**တီဟီရန် ဇန်နဝါရီ ၁၅**

အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမီနီသည် အီရန်ရေနံတင်သင်္ဘော နစ်မြုပ်ရာတွင် ပါဝင်ခဲ့သည့် သင်္ဘောအမှုထမ်းများ အသက်ဆုံးရှုံးခဲ့ရမှုအတွက် ဝမ်းနည်းပူဆွေးမှုကို အလေးအနက်ဖော်ပြခဲ့ကြောင်း တပ်စနင်သတင်းအေဂျင်စီက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။

ဝမ်းနည်းတုန်လှုပ်ဖွယ် ဆန်ချီရေနံတင်သင်္ဘောမှ အသက်ရှင် လွတ်မြောက်လာသူ အမှုထမ်းများနှင့် ဝမ်းနည်းပူဆွေးနေကြသည့် မိသားစုဝင်များထံသို့ ကျွန်ုပ်က ပူဆွေးဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်ဟူ၍ ခါမီနီက ဖော်ပြထားကြောင်း သိရသည်။

အမှုထမ်းများသည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အသက်ဆုံးရှုံးခဲ့ရပြီး ၎င်းတို့၏ နိုင်ငံအတွက်အမှုထမ်းနေခဲ့ကြခြင်းဖြစ်ကြောင်း အလီခါမီနီက ဖော်ပြထားသည်။ ဇန်နဝါရီ ၆ ရက်တွင် ပနားမား၌ မှတ်ပုံတင်ထားသည့် ရေနံတင်သင်္ဘောနှင့် ဟောင်ကောင်၌ မှတ်ပုံတင်ထားသည့် ကုန်သင်္ဘောတို့ တိုက်မိခဲ့ကြပြီး သင်္ဘောအမှုထမ်းများဖြစ်ကြသည့် အီရန်နိုင်ငံသား ၃၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးတို့ ပျောက်ဆုံးသွားခဲ့သည်။ တရုတ်ကကယ်ဆယ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးနောက်တွင် သေဆုံးသူ အလောင်းသုံးလောင်းကို ရရှိခဲ့ပြီး ကျန်သင်္ဘောအမှုထမ်းများမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်

# ဂျပန်ရှိ အမေရိကန်ဒုံးခွင်းစနစ်ကို တိုက်ခိုက်ရေးအတွက် အသုံးပြုသွားနိုင်ဖွယ်ရှိကြောင်း ရုရှားပြော

**မော်စကို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံက ဝယ်ယူရန်ဆုံးဖြတ်ချက်ချလိုက်သည့် အမေရိကန်လုပ် Aaegis ဒုံးကျည် ကာကွယ်ရေးစနစ်သည် ရည်ရွယ်ချက်နှစ်မျိုးဖြင့် ပြုလုပ်ထားသည်ဖြစ်ရာ ယင်းစနစ်ကို တိုက်ခိုက်ရေးဆိုင်ရာများအတွက် အသုံးပြုသွားနိုင်ဖွယ် ရှိနေကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားဒုံးကျည်များ၏ ခြိမ်းခြောက်မှုအန္တရာယ် ကြီးထွားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ဂျပန်သည်ပြီးခဲ့သည့်လက အမေရိကန်လုပ် မြေပြင်အခြေပြု Aaegis ရေဒါစနစ်နှင့် ကြားဖြတ်တိုက်စနစ်ဖြင့် နိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်တိုးချဲ့သွားရန် ဆုံးဖြတ်ချက်ချခဲ့သည်။

မော်စကို၌ ပြုလုပ်ခဲ့သည့် နှစ်စဉ် ပုံမှန်ပြုလုပ်မြဲ သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့ဗ်က ရှင်းလင်းပြောဆိုခဲ့စဉ် ရုရှားသည် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဒုံးကျည်ကာကွယ်ရေးစနစ်တွင် ပါဝင်မည်မဟုတ်ကြောင်း အခိုင်အမာပြောဆိုခဲ့မှုအပေါ် သံသယရှိနေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်မှုသည် ရုရှားနှင့် ဂျပန်ဆက်ဆံရေးကို အရိပ်လွှမ်းမိုးလာနိုင်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

# တိုက်ပွဲများဖြစ်ပွားမှုကြောင့် ထရီပိုလီရှိ လေဆိပ်ကိုပိတ်ထားခဲ့

**ထရီပိုလီ ဇန်နဝါရီ ၁၅**

လစ်ဗျားမြို့တော်ထရီပိုလီရှိ မစ်တီဂါလေဆိပ်အနီးဝန်းကျင်၌ တနင်္လာနေ့က သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သဖြင့် လေဆိပ်မှ လေကြောင်းခရီးစဉ်များအားလုံးကို ရပ်နားခဲ့ရကြောင်း သိရသည်။

အပြင်းအထန်သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည့် အသံများကို မြို့လယ်ကောင်မှ ကြားနိုင်ပြီး နောက်ထပ်သတိပေးချက်များ မပြုလုပ်မီအထိ လေကြောင်းခရီးစဉ်များ အားလုံးကို ရပ်နားလိုက်ကြောင်း မစ်တီဂါလေဆိပ်မှ အာဏာပိုင်များက ပြောကြားခဲ့သည်။

မြို့တွင်း၌ အင်အားအကြီးဆုံးအုပ်စုများထဲမှ တစ်ခုဖြစ်သည့် အထူးဟန့်တားရေး အင်အားစု (Rada) ကထရီပိုလီ၏ အိမ်နီးချင်း Tajoura ၌အခြေစိုက်ထားသည့် ယှဉ်ပြိုင်ဖက်အုပ်စုတို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရာဒါအဖွဲ့သည် ရာဇဝတ်မှုဆန့်ကျင်ရေးနှင့် အကြမ်းဖက်တိုက်ဖျက်ရေးယူနစ်အဖွဲ့အနေဖြင့် လှုပ်ရှားဆောင်ရွက်နေပြီး မစ်တီဂါလေဆိပ်နှင့် လေဆိပ်နံဘေးရှိ အကျဉ်းထောင်ကြီးတစ်ခုကို ထိန်းချုပ်လျက်ရှိသည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရန်နျူကလီးယား သဘောတူစာချုပ်ကို ပြန်လည်ညှိနှိုင်းဆွေးနွေးရန် အမေရိကန်၏ ကြိုးပမ်းမှုကို ရုရှားအပြင်းအထန်ကန့်ကွက်

**မော်စကို ဇန်နဝါရီ ၁၅**

အီရန်နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် အမေရိကန်၏ ကြိုးပမ်းမှုကို ရုရှားက အပြင်းအထန်ဆန့်ကျင်ခဲ့ပြီး ယင်းသဘောတူစာချုပ်ကို ပျက်ပြားစေမည့် ကြိုးပမ်းမှုမှန်သမျှကို ခုခံနိုင်ရန် ရုရှားအနေဖြင့် တတ်စွမ်းသမျှလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စနေနေ့တွင် ရုရှားအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားသည် အမေရိကန်က အီရန်နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်ပြင်ဆင်သုံးသပ်ရန်အတွက် ၎င်း၏ မဟာမိတ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခဲ့မှုကို စိုးရိမ်ပူပန်နေကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ယင်းညှိနှိုင်းဆွေးနွေးမှုများသည် အီရန်နျူကလီးယားစာချုပ်နှင့် ယခုအခြေအနေတစ်ရပ်လုံးကို ကျွန်ုပ်တို့အနေဖြင့် ချဉ်းကပ်ရာတွင် မည်သည့်အကျိုးသက်ရောက်မှုမှ မဖြစ်ထွန်းနိုင်ကြောင်း၊ တစ်ဆင့်ချင်း ခွဲခြမ်းစိတ်စိတ်သောနည်းလမ်းဖြင့် ပြဿနာကို ချဉ်းကပ်ရမည်ဖြစ်ကြောင်း ရက်ဘ်ကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဖိလစ်ပိုင်၌ မေယွန်မီးတောင် ပေါက်ကွဲနိုင်သည့်အတွက် သတိပေးနှိုးဆော်

**မနီလာ ဇန်နဝါရီ ၁၅**

ဖိလစ်ပိုင်မီးတောင်ဆိုင်ရာ အဖွဲ့အစည်းသည် တနင်္ဂနွေနေ့တွင် မေယွန်မီးတောင် ပေါက်ကွဲနိုင်သည့် အန္တရာယ် သတိပေးနှိုးဆော်မှုကို အဆင့်တစ်မှ အဆင့်နှစ်သို့ ထပ်မြှင့်လိုက်ကြောင်း သိရသည်။ မီးတောင်သည် မီးခိုးပြာများ ပိုမိုမှုတ်ထုတ်လာနိုင်မှု၊ ကျောက်တုံးကျောက်စိုင်များ ကျဆင်းလာနိုင်မှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများရှိနေကြောင်းကိုလည်း သတိပေးခဲ့သည်။

တနင်္ဂနွေနေ့ ဒေသစံတော်ချိန် ည ၁ နာရီ မိနစ် ၃၀ တွင် ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ပညာအဖွဲ့အစည်းမှ ထုတ်ပြန်ချက်အရ ပထမအဆင့် သတိပေးနှိုးဆော်မှုသည် ပုံမှန်မဟုတ်ကြောင်း သတိပေးနှိုးဆော်မှုဖြစ်ပြီး ဒုတိယအဆင့် သတိပေးနှိုးဆော်မှုသည် ဆူပူလှုပ်ရှားလာသည့် အခြေအနေသတိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း သိရသည်။

Phivolcs အဖွဲ့က သတိပေးချက်အဆင့်ကို မြှင့်တင်လိုက်ပြီး နာရီအနည်းငယ်အကြာ တနင်္ဂနွေနေ့နံနက် ၈ နာရီ ၄၉ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ငါးမိနစ်ခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။ လက်ရှိဖြစ်ပွားနေသည့် မတည်ငြိမ်သောအန္တရာယ်ကြောင့် ပိုမိုပြင်းထန်သည့် ပေါက်ကွဲမှုများ ဖြစ်လာနိုင်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ပညာအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# အမေရိကန်ကို သတင်းအချက်အလက်တွေ မဝေမျှတော့ဘူးဆိုတဲ့ ပါကစ္စတန်

**ခြူးစန္ဒီနွေး**



အန္တရာယ်များဆက်လက်ရှိနေဆဲဖြစ်သည့် ပါကစ္စတန်- အာဖဂန် နယ်စပ်တစ်နေရာ

အမေရိကန်ကသိလိုတဲ့ တာလီဘန်အုပ်စု အပါအဝင် အခြားသော အကြမ်းဖက်သမားတွေရဲ့ သတင်းကို ပါကစ္စတန်က ထောက်လှမ်းစုစည်းပေးခဲ့တာ ကာလအတန်ကြာခဲ့ပြီပဲဖြစ်တယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အခြေအနေတွေဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားပါပြီ။ ထောက်လှမ်းလို့ရသမျှ သတင်းအချက်အလက်တွေကို အမေရိကန်ဆီ မဝေမျှတော့ဘူးလို့ ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး Khurram Dastgir Khan က ပြောလိုက်ပါတယ်။ ဒါကလည်း ပါကစ္စတန်နဲ့ အမေရိကန်တို့ရဲ့ နောက်ဆုံးပဋိပက္ခတွေကြားက ဖြစ်ပေါ်လာတဲ့ ရလဒ်တွေလည်းဖြစ်တယ်။ ၂၀၁၈ ခုနှစ်နှစ်သစ်ကို ဝင်ရောက်ခါစမှာပဲ အမေရိကန်သမ္မတ ထရန့်ဟာ တွစ်တာပေါ်မှာ ပါကစ္စတန်ကို လိမ်လည်လှည့်ဖျားတဲ့ နိုင်ငံအဖြစ် စွပ်စွဲရေးသားခဲ့ပါတယ်။ အဲဒီရေးသားချက်ကြောင့်ပဲ ပါကစ္စတန်နဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးဟာ လူအများစိတ်ဝင်စားစရာ ဖြစ်လာခဲ့ပါတယ်။

**ကာကွယ်ရေး အသုံးစရိတ် ထောက်ပံ့မှုရပ်ဆိုင်း**

ဝါရှင်တန်ဘက်ကလည်း ပါကစ္စတန်ကို ပေးပို့နေကျ ကာကွယ်ရေးအသုံးစရိတ်တွေကို ရပ်နားလိုက်တော့မယ်လို့ ကြေညာလိုက်ပြီး ပါကစ္စတန်နိုင်ငံရေးသမားတွေဟာလည်း တုန်လှုပ်သွားကြပါတယ်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးကတော့ သူတို့နှစ်နိုင်ငံဟာ ဒီထက်ပိုပြီး မဟာမိတ်မဖြစ်နိုင်တော့ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ကာကွယ်ရေးဆိုင်ရာ အကြီးအကဲကတော့ သူ့အနေနဲ့ သစ္စာဖောက်ခံလိုက်ရသလိုပဲ ခံစားလိုက်ရတယ်လို့ ပြောပါတယ်။ ဒီစကားသံတွေရဲ့ နောက်ကွယ်မှာတော့ နှစ်ဖက်စလုံးဟာ အများကထင်ထားတာထက်ပိုပြီး သတိထားဆက်ဆံခဲ့ကြပါတယ်။ အမေရိကန်အရာရှိတွေပြောတာကတော့ ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်တွေ ထောက်ပံ့မှု ရပ်တန့်တာဟာဆိုရင် ယာယီသာဖြစ်တယ်လို့ ဆိုပါတယ်။ အဆင့်ဆင့်ဆောင်ရွက်မှုတွေ အောက်မှာ ပြန်လည်ထောက်ပံ့ပေးတာမျိုးလည်း ရှိနိုင်တယ်လို့ဆိုပါတယ်။ ပါကစ္စတန်ဘက်က လက်ရှိပူးပေါင်းဆောင်ရွက်မှုတွေအပေါ်မှာ မူတည်ပြီး ပြန်လည်ပေးအပ်တာမျိုးလည်း ရှိနိုင်တယ်လို့ ဆိုပါတယ်။ ပါကစ္စတန်ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုကျော်ကတည်းက အမေရိကန်နဲ့ သတင်းအချက်အလက်တွေ မျှဝေတဲ့အခါ အကုန်မျှဝေတာမျိုး မဟုတ်ဘဲ အကန့်အသတ်နဲ့သာ သတင်းပေးခဲ့တာဖြစ်တယ်။

**၉/၁၁ နောက်ပိုင်း ပေါ်ပေါက်လာသည့် ပဋိပက္ခများ**

အမေရိကန်နဲ့ ပါကစ္စတန်တို့ဟာ ၁၉၅၀ ပြည့်နှစ်ကတည်းက မဟာမိတ်တွေဖြစ်ခဲ့ပါတယ်။ အမေရိကန်က ပါကစ္စတန်နိုင်ငံရဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာလိုအပ်ချက်တွေ အတွက် လိုအပ်တာတွေ ထောက်ပံ့ကူညီတဲ့အခါ နှစ်နိုင်ငံဆက်ဆံရေးဟာ ပိုမိုအဆင်ပြေချောမွေ့ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်နဲ့ ၁၉၇၀ ပြည့်နှစ်ကြားကာလတွေမှာ ပါကစ္စတန်ပတ်ရှ်ဝါမြို့မှာ CIA ဌာနခွဲ ဖွင့်လှစ်ခွင့်ပေးခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံက သတင်းတွေကို ကြားဖြတ်နားထောင်ဖို့အတွက် ဖွင့်လှစ်ခွင့်ပေးခဲ့တာပဲဖြစ်တယ်။ ၁၉၈၀ ဝန်းကျင်ကာလတွေမှာ အာဖဂန်စစ်ပွဲအတွက် နှစ်နိုင်ငံအတူတကွ အလုပ်လုပ်ကိုင်ခဲ့ပါတယ်။ ပါကစ္စတန်ထောက်လှမ်းရေးတပ်ရဲ့ လေ့ကျင့်ပေးမှုနဲ့ အာဖဂန်ပြောက်ကျားတပ်တွေဟာ စစ်ပွဲမှာ အဓိက တိုက်ခိုက်နိုင်ခဲ့တယ်။ ဒီပြောက်ကျားတပ်တွေကို ပါကစ္စတန်မြေပေါ်မှာပဲ လေ့ကျင့်ပေးခဲ့တာပဲဖြစ်တယ်။ ဒီလိုမျိုးရင်းနှီးတဲ့ ဆက်ဆံမှုတွေရှိသော်ငြားလည်း နှစ်နိုင်ငံအကြား ဆက်ဆံရေးအက်ကြောင်းလေးတွေ ပေါ်လာမယ့် ကိစ္စ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကတော့ ၉/၁၁ တိုက်ခိုက်မှုပဲဖြစ်တယ်။ အမေရိကန်ဟာ အာဖဂန်နစ္စတန်မှာ စစ်ပွဲဆင်နွှဲခဲ့ပြီး ပါကစ္စတန်ကိုတော့ သတင်းထောက်လှမ်းပေးဖို့နဲ့ အာဖဂန်နိုင်ငံအတွင်း အမေရိကန်တပ်သားတွေအတွက် ထောက်ပံ့ရေး ပေးပို့ရာလမ်းကြောင်းအဖြစ် အသုံးပြုခဲ့ပါတယ်။ ပါကစ္စတန်ဘက်က အကြမ်းဖက်သမားတွေရဲ့ သတင်းထောက်လှမ်းတာတွေ ပြုလုပ်ပေးပြီး အမေရိကန်ကတော့ ဒရုန်းတွေ အသုံးပြုတိုက်ခိုက်တာတွေ၊ ဆက်သွယ်မှုတွေကို ကြားဖြတ်နားထောင်တာတွေ အစရှိတဲ့ နည်းပညာပိုင်းဆိုင်ရာတွေ တာဝန်ယူခဲ့ပါတယ်။ အစ္စလာမ္မစ်စစ်သွေးကြွတွေဟာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသမှာ ခြေကုတ်ယူခဲ့ကြပါတယ်။ ၁၉၈၀ နောက်ပိုင်း အမေရိကန်နဲ့ ပါကစ္စတန်ဆက်ဆံရေးပြဿနာကတော့ ပါကစ္စတန်ဟာ အာဖဂန်နစ္စတန်ကို အိန္ဒိယရဲ့လွှမ်းမိုးမှုအောက်ကနေ ဖယ်ရှားနိုင်ဖို့အတွက် ဒီအုပ်စုတွေကို အသုံးပြုခဲ့လို့လည်းဖြစ်တယ်။ ဒါကြောင့် ဒီအုပ်စုရဲ့ အင်အားကို အဆုံးရှုံးမခံနိုင်တာလည်းဖြစ်တယ်လို့ စွပ်စွဲကြတာတွေလည်း ရှိပါတယ်။

**အဓိကခေါင်းဆောင်တွေရဲ့သတင်း မပါဝင်**

ပါကစ္စတန်ဟာ တရားဝင်ကြေညာထားတဲ့အခါမှာတော့ သူဟာ အမေရိကန်နဲ့အတူ ပူးပေါင်းပြီး အာဖဂန်နစ္စတန်စစ်ပွဲမှာ ပါဝင်တယ်လို့ ကြေညာခဲ့ပေမယ့် ပါကစ္စတန်နိုင်ငံအတွင်းကို အကြမ်းဖက်သမားတွေ စိမ့်ဝင်လာတယ်လို့ စွပ်စွဲမှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ ပါကစ္စတန်ဘက်ကနေ တာလီဘန်တွေနဲ့ အခြားသော အကြမ်းဖက်အဖွဲ့တွေရဲ့ ခေါင်းဆောင်တွေသတင်း အမေရိကန်ကို ပေးခဲ့ပေမယ့် အဓိကခေါင်းဆောင်တွေရဲ့သတင်းကျတော့ မပါဘူးလို့လည်း ဆိုကြပြန်ပါတယ်။ ဒါပေမယ့် ခြွင်းချက်တစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ ၂၀၁၀ ပြည့်နှစ်မှာ တာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မူလာဘိုင်ရာဒါကို ဖမ်းမိနိုင်ခဲ့မှုပဲဖြစ်တယ်။ ဒါပေမယ့်လည်း ဘိုင်ရာဒါကို ဖမ်းမိခဲ့မှုဟာ သူဟာ အာဖဂန်အစိုးရနဲ့ ငြိမ်းချမ်းရေးယူဖို့ အာဖဂန်အစိုးရနဲ့ တိတ်တဆိတ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့လို့ ပါကစ္စတန်ဘက်က ဖယ်ရှားပစ်လိုက်ခြင်းပဲ ဖြစ်တယ်လို့လည်း အများက ဝေဖန်ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာ အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်ကနေ တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းတော့မယ်လို့ ကြေညာခဲ့တဲ့အခါမှာတော့ ပါကစ္စတန်ဟာ သူ့နယ်စပ်လုံခြုံရေးအတွက် နယ်စပ်မှာ အကြမ်းဖက်သမားတွေကို ရှင်းလင်းတာလုပ်ခဲ့ပါတယ်။

**မျှော်လင့်ချက်အနည်းငယ်သာရှိ**

အခုဆိုရင်တော့ အမေရိကန်ဟာ ပါကစ္စတန်ဆီက အကြမ်းဖက်သမားတွေရဲ့ သတင်းအချက်အလက်တွေ ဆက်လက်ဝေမျှဖို့ရာ မျှော်လင့်ချက်အနည်းငယ်သာ ရှိပါတော့တယ်။ အလားတူပါပဲ ပါကစ္စတန်ဘက်ကလည်း အမေရိကန်ဘက်က ထောက်ပံ့မယ့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်တွေ ဆက်လက်ရရှိဖို့ရာ အခွင့်အရေး နည်းပါးလာပါတယ်။

**ထောက်ပံ့ရေးလမ်းကြောင်းတွေ ပိတ်ပစ်နိုင်**

အမေရိကန်ကို ပါကစ္စတန်က နောက်ထပ် ခြိမ်းခြောက်နိုင်တာ တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ ပါကစ္စတန်နိုင်ငံအတွင်းကနေ အာဖဂန်နိုင်ငံထဲ ဝင်ရောက်နိုင်မယ့် အမေရိကန် ထောက်ပံ့ရေးလမ်းကြောင်းတွေကို ပိတ်ပစ်လိုက်တာပါပဲ။ ဒီလိုသာ လုပ်ဆောင်လိုက်ရင်တော့ အမေရိကန်တို့ အခက်တွေ့မှာ မလွဲပါပဲ။ လေ့လာသူတွေ အဆိုးဆုံးမျှော်လင့်ထားတာကတော့ အမေရိကန်ထောက်ပံ့ရေးယာဉ်တွေအတွက် ပါကစ္စတန်ထဲကနေ ဖြတ်သန်းခကောက်ခံနိုင်တာရယ်၊ နောက်တစ်ခုကတော့ အမေရိကန်ထောက်ပံ့ရေးပစ္စည်းတွေ ပို့ဆောင်တဲ့အခါ နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်နိုင်တယ်ရယ်တို့ပဲဖြစ်တယ်။

**အခြေအနေတင်းမာဆဲ**

ဒါတွေကလည်း ခန့်မှန်းချက်တွေပဲ ရှိပါသေးတယ်။ နှစ်ဖက်စလုံးက စကားသံတွေကို နားထောင်ကြည့်ရမှာတော့ အခြေအနေတင်းမာဆဲပဲဆိုတာ အထင်းသားတွေ့နေရပါတယ်။ အမေရိကန်ရဲ့ လက်ရှိအပြုအမူဟာ ပါကစ္စတန်ကို တရုတ်နဲ့ ပိုပြီးရင်းနှီးသွားစေနိုင်တယ်လို့လည်း ဝေဖန်သူတွေက ပြောကြပါတယ်။ လက်ရှိပါကစ္စတန်မှာတော့ အမေရိကန်ကို ဆန့်ကျင်သူတွေ များပြားလျက်ရှိပါတယ်။ ထရန့်ဘက်က ပါကစ္စတန်ကို လိမ်ညာနေတဲ့ နိုင်ငံအဖြစ်လည်းကောင်း၊ ထောက်ပံ့ရေးတွေ ရပ်ဆိုင်းပစ်တော့မယ်လို့ ကြေညာခဲ့တဲ့ အခါမှာလည်းကောင်း ပါကစ္စတန်လူထုကို ဒေါသထွက်စေပြီး လာဟိုးမြို့မှာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြပါတယ်။

လက်ရှိ အခြေအနေတွေကို ကျော်လွှားပြီး အရင်တုန်းကလို နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေး ပြန်ရဖို့ဆိုရင်တော့ အတော်လေးကြိုးစားရုန်းကန်ရဦးမှာပါ။ ။

**ကိုးကား- ဘီဘီစီ**

> **"အမေရိကန်နဲ့ ပါကစ္စတန်တို့ဟာ ၁၉၅၀ ပြည့်နှစ်ကတည်းက မဟာမိတ်တွေ ဖြစ်ခဲ့ပါတယ်၊ အမေရိကန်က ပါကစ္စတန်နိုင်ငံရဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ လိုအပ်ချက်တွေအတွက် လိုအပ်တာတွေ ထောက်ပံ့ကူညီတဲ့အခါ နှစ်နိုင်ငံဆက်ဆံရေးဟာ ပိုမိုအဆင်ပြေချောမွေ့ခဲ့"**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ တာဝန်ထမ်းဆောင်ဆဲဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကိစ္စရပ်အား မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထို့အပြင် မှတ်ပုံတင်အရာရှိက လိုအပ်လျှင် ပေါ်ပေါက်လာသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ၎င်း၏ ကြီးကြပ်မှုအောက်တွင်ရှိသော သတင်းအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် ထိုစာရွက်စာတမ်းများကို မိတ္တူရယူခွင့်များ ဆောင်ရွက်နိုင်ရေးအတွက် ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ပုဒ်မခွဲ (ခ) အရ အစီရင်ခံစာတင်ပြပြီးသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါကိစ္စရပ်ကို ထပ်မံစုံစမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြနိုင်သည်။ ထိုသို့တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကိစ္စရပ်ကို စုံစမ်းစစ်ဆေးနိုင်ပြီး သင့်သည်ထင်မြင်ပါက သက်ဆိုင်ရာ ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးကတာဝန်ပေးအပ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရအပ်နှင်းထားသည့်အတိုင်း ကုမ္ပဏီ၏ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာအားလုံးကို ထိုသူထံသို့ အပ်နှင်းသည့် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်အရာရှိထံသို့တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက အရေးယူဆောင်ရွက်သင့်သည့် ကိစ္စရပ်မဟုတ်ကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြန်လည်အကြောင်းကြားရမည်။ ထိုအခါ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်း မရှိခဲ့လျှင်၊ တရားရုံးသည် ကုမ္ပဏီ ဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊မိမိကိုယ်တိုင်အရေးယူ ဆောင်ရွက်မှုဖြင့်ဖြစ်စေ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအား ထိုအစီရင်ခံစာကို တင်ပြစေရန် ညွှန်ကြားနိုင်သည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရတင်ပြသည့်အစီရင်ခံစာသည် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် အစီရင်ခံစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(စ) ဤပုဒ်မအရကိစ္စရပ်တစ်ခုခုအားမှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်သည့်အခါ မှတ်ပုံတင်အရာရှိသည် စွပ်စွဲခံရသူအား ၎င်းထံသို့စာဖြင့် ရေးသား၍ ရှင်းလင်းစေရန် အခွင့်အရေးဦးစွာပေးအပ်ရမည်ဖြစ်ပြီး တင်ပြလာသည့်ကိစ္စမှာတရားစွဲဆိုသင့်ကြောင်း မှတ်ပုံတင်အရာရှိကယူဆလျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏အကြံပြုချက်ကို တောင်းခံရမည်။ ယင်းနောက် မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏အကြံပြုချက်ကို ထည့်သွင်းစဉ်းစားပြီး အမှုကိုတရားစွဲဆိုရန် ဆုံးဖြတ်ပါကယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ အရာရှိများအားလုံးနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုမှုတွင်ပါဝင်သည့် တရားခံမှအပ တရားစွဲဆိုမှုနှင့်သက်ဆိုင်သည့် အကူအညီများအားလုံးကို ပေးအပ်ရမည်။ ဤပုဒ်မခွဲပါ ကိစ္စရပ်များအတွက် ကုမ္ပဏီနှင့် သက်ဆိုင်သည့် "ကိုယ်စားလှယ်"ဆိုသည် မှာကုမ္ပဏီ၏ အရာရှိဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူသို့မဟုတ် ဥပဒေအကြံပေးတစ်ဦးဦး၊ စာရင်းစစ်အဖြစ် ကုမ္ပဏီကခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး ပါဝင်သည်ဟု မှတ်ယူရမည်။

(ဆ) မည်သူမဆို ပုဒ်မခွဲ (စ) အရ လိုအပ်သည့်အကူအညီများကို ပေးအပ်ရန် ပျက်ကွက်လျှင် တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါပုဂ္ဂိုလ်အား ဖော်ပြပါပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။ အဆိုပါလျှောက်ထားမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်ပါက ထိုသို့ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတွင် ထိုသို့လိုက်နာဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များလုံလောက်စွာမရှိခြင်းဖြစ်ကြောင်းမှတစ်ပါး ထိုသို့လျှောက်ထားသည့် ကုန်ကျစရိတ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မိမိစရိတ်ဖြင့်ကျခံစေရန် ညွှန်ကြားနိုင်သည်။

**မှားယွင်းတင်ပြသည့် သက်သေခံချက်များအတွက် ပြစ်ဒဏ်**

၄၀၀။ ဤဥပဒေအရကျမ်းကျိန်ဆောင်ရွက်သည့် စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ကုမ္ပဏီဖျက်သိမ်းခြင်းတွင် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကျမ်းကျိန်လွှာ၊ သက်သေခံချက် သို့မဟုတ် ကတိသစ္စာပြုခြင်းတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရပေါ်ပေါက်လာသည့်ကိစ္စတစ်ရပ်ရပ်တွင် သို့မဟုတ် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မည်သူမဆို တမင်ကြံရွယ်၍ သက်သေခံချက်များကိုမမှန်မကန်တင်ပြခဲ့လျှင် ထိုသူသည် ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင်ငွေဒဏ်လည်း ကျခံရမည်။

**ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ**

၄၀၁။ (က) ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် စွပ်စွဲခံရသည့် ပြစ်မှုအားကျူးလွန်သည့် အချိန်၌ တရားရုံးကဖြစ်စေ၊တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီ ဖျက်သိမ်းသည့် ကိစ္စရပ်တွင်လည်းကောင်း၊ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင်လည်းကောင်း သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်ပြီးနောက် ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် တရားရုံးက အမိန့်ချမှတ်သည့်အခါ သို့မဟုတ် ကုမ္ပဏီ၏ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည့်အခါတွင်လည်းကောင်း-

(၁) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို သာမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ၏ အမှန်တည်ရှိနေသောပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သောပစ္စည်းများ အားလုံးကိုလည်းကောင်း၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသကို မည်သို့၊ မည်သူ့ထံသို့၊ မည်သည့်အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် စီမံဆောင်ရွက်ခဲ့သည်ကိုလည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြည့်စုံမှန်ကန်စွာ မိမိတို့ သိရှိကြသည့်အလျောက် တင်ပြခဲ့ခြင်းမပြုလျှင် သို့မဟုတ်

(၂) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီ၏ အမှန်တည်ရှိနေသော ပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင် သို့မဟုတ်

(၃) ဥပဒေအရတင်ပြအပ်နှံရမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီနှင့်သက်ဆိုင်သော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင် သို့မဟုတ်

(၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသို့ဖြစ်စေ၊ ကုမ္ပဏီထံမှဖြစ်စေ ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်ရပ်ကိုဝှက်သိမ်းထားလျှင် သို့မဟုတ်

(၅) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖယ်ရှားထားလျှင် သို့မဟုတ်

(၆) ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင် အရေးကြီးသည့်အကြောင်းအရာများကို ချန်လှပ်ထားလျှင် သို့မဟုတ်

(၇) ကုမ္ပဏီဖျက်သိမ်းသည့်အခါ တစ်ဦးတစ်ယောက်က မှားယွင်းသည့် ကြွေးမြီကို တင်ပြလာကြောင်းသိရှိ သို့မဟုတ်ယုံကြည်ပြီး ထိုအကြောင်းအရာအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တစ်လအတွင်းတင်ပြရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(၈) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ပြုစုတင်ပြရန် တားမြစ်ထားလျှင် သို့မဟုတ်

(၉) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့ မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သောစာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုခြင်းများ ပြုလုပ်လျှင်သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင် သို့မဟုတ်

(၁၀) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများတွင် မှားယွင်းရေးသွင်းမှုများကို ပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင် သို့မဟုတ်

(၁၁) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့် အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများတွင် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် တစ်စိတ်တစ်ဒေသအား ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် ချန်လှပ်ထားခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ်

(၁၂) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေး၌ ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို အစစ်အမှန်မဟုတ်သော ဆုံးရှုံးမှုများ သို့မဟုတ် အသုံးစရိတ်များဖြင့် စာရင်းပြုစုရန် ကြိုးစားလျှင် သို့မဟုတ်

(၁၃) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို မှားယွင်းတင်ပြ၍ဖြစ်စေ၊ အခြားနည်း လိမ်လည်၍ဖြစ်စေကုမ္ပဏီအတွက် သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကုမ္ပဏီကနောင်တွင်ပေးချေမည်မဟုတ်သည့် အကြွေးဖြင့် ပစ္စည်းတစ်ရပ်ရပ်ကို ရယူခဲ့လျှင် သို့မဟုတ်

(၁၄) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မှားယွင်းဖော်ပြ၍ ကုမ္ပဏီအတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကြွေးမြီဖြင့် ကုမ္ပဏီက နောင်တွင်ပေးချေမည်မဟုတ်သည့် ပစ္စည်းတစ်ရပ်ရပ်ကိုရယူလျှင် သို့မဟုတ်

(၁၅) ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို သာမန်နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလျှင်မှတစ်ပါး၊ ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆိုကြွေးမြီဖြင့် ရယူထားပြီး ငွေပေးချေခြင်းမပြုရသေးသည့် ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်လျှင်၊ ပေါင်နှံလျှင် သို့မဟုတ် စီမံဆောင်ရွက်လျှင် သို့မဟုတ်

(၁၆) ကုမ္ပဏီ၏ကိစ္စရပ်များအတွက်လည်းကောင်း၊ ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက်လည်းကောင်း ကုမ္ပဏီ၏ မြီရှင်များ သို့မဟုတ် ၎င်းတို့တစ်ဦးဦးထံမှ သဘောတူညီချက်ရယူရန်အတွက် မှားယွင်းတင်ပြမှု သို့မဟုတ် အခြားလိမ်လည်မှုတစ်ရပ်ရပ်အရအပြစ်ရှိလျှင်ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၃)၊ (၁၄)၊ နှင့် (၁၅) တို့တွင်အသီးသီးဖော်ပြထားသောပြစ်မှုများအား ကျူးလွန်သူသည် ငါးနှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကို ကျခံရမည်ဖြစ်ပြီး အခြားပြစ်မှုများကို ကျူးလွန်သူသည်နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကို ကျခံရမည်။ သို့ရာတွင် ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၆)၊ (၁၄) နှင့် (၁၅) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ၎င်းအနေဖြင့် လိမ်လည်ရန်ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာ သက်သေထင်ရှားပြသ၍ ခုခံကာကွယ်နိုင်သည့်အပြင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊(၈)၊ (၉) နှင့် (၁၀) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ကုမ္ပဏီ၏ကိစ္စရပ်များကိုကွယ်ဝှက်ရန် သို့မဟုတ် ဥပဒေအားချိုးဖောက်ရန် ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာ သက်သေထင်ရှားပြသ၍ ခုခံကာကွယ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၅) အရ ပြစ်မှုတစ်ရပ်ဖြစ်ပေါ်စေနိုင်သည့် အခြေအနေတွင်တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် စီမံဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါက ထိုသို့သောအခြေအနေတွင် ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်သည့်၊ ပေါင်နှံသည့် သို့မဟုတ် စီမံဆောင်ရွက်သည့်ပစ္စည်းကို သိလျက်ဖြင့်ပြုလုပ်ခဲ့လျှင် သို့မဟုတ် လက်ခံခဲ့လျှင် ထိုသူသည် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကိုကျခံရမည်။

**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုစိစစ်ရန် အစည်းအဝေးများကျင်းပရခြင်း**

၄၀၂။ (က) ဤဥပဒေအရ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သက်သေထင်ရှား ပြသနိုင်သောမြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ထည့်သွင်းသုံးသပ်ရန် အခွင့်အာဏာအပ်နှင်းထားရာ ၎င်းတို့၏ သဘောဆန္ဒများကို စိစစ်ရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများကို တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများဖြင့် ခေါ်ယူကျင်းပဆောင်ရွက်ရန် ညွှန်ကြားနိုင်သည့်အပြင် အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးမှ ရလဒ်များကို တရားရုံးသို့ တင်ပြစေရန် ပုဂ္ဂိုလ် တစ်ဦးဦးကိုခန့်အပ်နိုင်သည်။

(ခ) မြီရှင်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် မြီရှင်တစ်ဦးချင်းစီ၏ ကြွေးမြီတန်ဖိုးကို ထည့်သွင်း သုံးသပ်ရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ဤဥပဒေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ယင်းတို့၏အစုရှယ်ယာဆိုင်ရာ စည်းကမ်းချက်များအရ ကြွေးမြီပေးဆပ်ရသူတစ်ဦးချင်းစီအပေါ် ခွင့်ပြုထားသည့် မဲပေးနိုင်သည့်အရေအတွက်ကို ထည့်သွင်းသုံးသပ်ရမည်။

**ကုမ္ပဏီ၏ စာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံရခြင်း**

၄၀၃။ ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို ကုမ္ပဏီကြွေးမြီပေးဆပ်ရသူများအကြား သက်ဆိုင်သည့် ကိစ္စရပ်၌ အဆိုပါစာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားသည့် ကိစ္စရပ်များအားလုံးသည် မှန်ကန်၍ ခိုင်လုံသည့်သက်သေခံချက်များ ဖြစ်စေရမည်။

**စာရွက်စာတမ်းများကို စစ်ဆေးခြင်း**

၄၀၄။ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီးသည့်အခါ တရားရုံးသည် ၎င်းသင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများက စစ်ဆေးနိုင်ရန်အတွက် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော မည်သည့်စာရွက်စာတမ်းကိုမဆို မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက အဆိုပါအမိန့်အရ စစ်ဆေးနိုင်သည်။ သို့သော်ထပ်မံ၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း စစ်ဆေးခြင်း မပြုရ။

**ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ရှင်းလင်းဆောင်ရွက်ခြင်း**

၄၀၅။ (က) ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းပြီး ဖျက်သိမ်းမည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် တရားရုံးက ညွှန်ကြားသည့်နည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည် သို့မဟုတ်

(၂) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နန်းမတော်မယ်နုနှင့် ဖလံခုံ

**မောင်သာ(ရှေးဟောင်းသုတေသန)**



မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည့် ဘုရင့်မိဖုရားများ အနက် ပုဂံခေတ် ဖွားစော၊ ကုန်းဘောင်ခေတ်လယ် နန်းမတော်မယ်နုနှင့် ရတနာပုံခေတ် စုဖုရားလတ်တို့သည် အထင်ရှားဆုံး မိဖုရားခေါင်ကြီးများ ဖြစ်ကြသည်။ ယင်းမိဖုရား သုံးပါးအနက် နန်းမတော် မယ်နုသည် မင်းပြစ် မင်းဒဏ်သင့်၍ ရေတွင်နှစ်ကာ သေဒဏ်စီရင်ခြင်း(ရေတွင်ဖျောက်ခြင်း)ကို ခံခဲ့ရကာ နာမည်ဆိုးဖြင့် ထင်ရှားခဲ့သည့် မိဖုရားခေါင်ကြီးဖြစ်သည်။

ကုန်းဘောင်ခေတ်လယ်ကာလတွင် မြန်မာဘုရင်များသည် အနောက်နိုင်ငံသားများနှင့် ဆက်ဆံမှုများပြားခဲ့သဖြင့် စစ်ကိုင်းမင်း၏ မိဖုရားခေါင် နန်းမတော်မယ်နုကို အနောက်နိုင်ငံများက သိရှိခဲ့ကြသည်။

နန်းမတော်မယ်နုနှင့်စပ်လျဉ်း၍ ဆရာတော် ဦးဗုဓ်နှင့် အင်းဝရှိ မယ်နုအုတ်ကျောင်းသည် အထင်ရှားဆုံးဖြစ်ကာ နန်းမတော်၏ မိဘများ၏ဇာတိမြေဖြစ်သည့် ဖလံခုံရွာတွင် မိဖုရားခေါင်ကြီးတည်ထားခဲ့သည့် အဆောက်အအုံများကို ယနေ့တိုင်တွေ့မြင်နိုင် ကြပေသည်။ ယခုအခါတွင် ဖလံခုံရွာကို ဖလံဂုဏ်ရွာဟု အမည်ပြောင်းလဲထားသည်။

**သမိုင်းထဲမှ မယ်နု**

မြန်မာ့ ထုံးတမ်းစဉ်လာ တော်ဝင်နန်းသုံးစကားများအရ ဘုရင်များ၏ မိဖုရားခေါင်ကြီးကိုသာ နန်းမတော်မိဖုရားဟု ခေါ်ဆိုလေ့ရှိကြသည်။ မြန်မာဘုရင်များသည် နန်းရ မိဖုရား လေးပါးထားရှိကြသည့်အနက် အလယ်နန်းရ မိဖုရားက အနောက်နန်းရ မိဖုရားထက် အဆင့်မြင့်ကာ မြောက်နန်း မိဖုရားထက် တောင်နန်းမိဖုရားက အဆင့်မြင့်သည်။ မိဖုရား လေးပါးတွင် တောင်နန်းမိဖုရားသည် မိဖုရားခေါင်ဖြစ်ပြီး အဂ္ဂမဟေသီ မိဖုရား(သို့မဟုတ်) နန်းမတော်ဟု ခေါ်ဆိုသည်။

စစ်ကိုင်းမင်း၏မိဖုရားခေါင် နန်းမတော်မယ်နုသည် အဂ္ဂမဟေသီ မိဖုရားဖြစ်လာခဲ့သော်လည်း မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူတစ်ဦးမဟုတ်ဟု ဆိုကြသည်။ နန်းမတော် လောင်းလျာ မယ်နုကို ထောင်သင်းမှူး ဦးလှုပ်နှင့်ဇနီး ဒေါ်ငယ်တို့က မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် ဝါဆို လဆုတ် ၅ ရက် (ခရစ်နှစ် ၁၇၈၄ ခုနှစ် ဇူလိုင်လ ၆ ရက်)တွင် မွေးဖွားခဲ့သည်။ မွေးချင်းအစ်ကို မောင်အို တစ်ဦးသာရှိပြီး မွေးဖွားရာ ဇာတိသည် အင်းဝနေပြည်တော်၊ ရွှေနန်းတော်အနောက်ဘက် အတွင်းစံရာအရပ် ဖြစ်သည်။ မယ်နု၏ မိဘများသည် အမရပူရ မင်းနေပြည်တော် မြောက်ပြင်ရပ်၌ နေထိုင်ခဲ့ကြသည်။

အမရပူရကို တည်ထောင်ခဲ့သည့် ဗဒုံမင်းလက်ထက်၊ တစ်ရက်၌ မယ်နုရေချိုးနေစဉ် လှမ်းထားသော ထမီကို စွန်တစ်ကောင်ကသုတ်ချီသွားခဲ့ပြီး နန်းတော်အတွင်းရှိ တောင်ညာစံ မိဖုရားခေါင်ကြီးအဆောင် ဝဲဆောင်တွင် ချထားခဲ့ရာမှ ထမီရှင်မယ်နုသည် ဘုရင့်ထံမှောက်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် မယ်နုသည် အသက် ၁၁ နှစ်ကျော် အရွယ်ဖြစ်ပြီး နန်းတော်မှ တာဝန်ရှိသူများ၏စစ်မေးမှုကို ခံယူပြီးနောက် ဘုရင့်အမိန့်တော်အရ တောင်နန်း မိဖုရားအဆောင်တော်၌ အပျိုတော်အဖြစ် ခစားနေထိုင်ခဲ့ရသည်။

နန်းမတော်မယ်နုကို မိဖုရားခေါင်အဖြစ် တင်မြှောက်ခဲ့သည့် စစ်ကိုင်းမင်းသား၏ ခမည်းတော်သည် ဗဒုံမင်း၏ မြောက်နန်းရှင်မိဖုရားက ဖွားမြင်သော သားတော် သီရိမဟာဓမ္မာဘိဇယ သီဟသူ ဖြစ်ပြီး မယ်တော်မှာ ဗဒုံမင်း၏ မိဖုရားခေါင်ကြီးမှ ဖွားမြင်သော သမီးတော် သီရိမဟာ မင်္ဂလာဒေဝီ အိမ်ရှေ့မိဖုရားဖြစ်သည်။ စစ်ကိုင်းမင်းသားကို ၁၇၈၄ ခုနှစ် ဇူလိုင်လ ၂၃ ရက် သောကြာနေ့တွင်ဖွားမြင်ခဲ့ပြီး ငယ်နာမည်သည် မောင်စိန်ဖြစ်သည်။ ဗဒုံမင်း၏ သားတော်အိမ်ရှေ့မင်းမဟာဥပရာဇာသည် ၁၈၀၉ ခုနှစ် မတ်လ ၂၉ ရက်တွင် နတ်ရွာစံခဲ့ပြီးနောက် စစ်ကိုင်းမင်းသားသည် ၁၈၀၉ ခုနှစ် ဧပြီလ ၆ ရက်တွင် အိမ်ရှေ့စံမင်းသားဖြစ်လာခဲ့သည်။ စစ်ကိုင်းမင်းသားအိမ်ရှေ့စံဖြစ်လာခဲ့ပြီး လေးနှစ်နှင့် ခြောက်လအကြာတွင် အိမ်ရှေ့မင်းသမီး ဆင်ဖြူရှင်မယ်သည် ညောင်ရမ်းမင်းသားကို ဖွားမြင်ခဲ့ပြီး ခုနစ်ရက်အကြာတွင် ကွယ်လွန်ခဲ့ပြီးနောက် မယ်နုသည် ၁၈၁၃ ခုနှစ်တွင် အိမ်ရှေ့မင်း မိဖုရားဖြစ်လာခဲ့သည်။ မယ်နုသည် အိမ်ရှေ့မိဖုရားတို့နှင့် ထိုက်တန်စွာ ရွာလေးရွာ၊ မြင်းအစီး ၃၀၊မြေပယ် ၃၀၀၀၊ ဆားတောင်မငါးရွာ၊ အိတ် တည် ပွဲကင်း ကူးတို့ခွန်များကို စားခွင့်ရရှိခဲ့သည်။

စစ်ကိုင်းမင်းသားသည် ၁၈၁၉ ခုနှစ် ဇွန်လ ၇ ရက်တွင် ကုန်းဘောင်ဆက် သတ္တမမြောက် ဘုရင်ဖြစ်လာခဲ့သည်။ အိမ်ရှေ့စံ မိဖုရား မယ်နုသည် ၁၈၁၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် သီရိပဝရ မဟာရာဇိန္ဒာရတနာဘွဲ့ကို ခံယူလျက် တောင်နန်းစံမိဖုရားခေါင်ကြီး ဖြစ်လာခဲ့သည်။ စစ်ကိုင်းမင်းသည် ညီတော် သာယာဝတီမင်းသားနှင့် မြင်စိုင်းမင်းသားတို့ကို ဘွဲ့တော်များနှင့် အဆောင်အယောင်များ ချီးမြှင့်ခဲ့သကဲ့သို့ မိဖုရားခေါင်ကြီး၏ အစ်ကို စလင်းမင်းသား မောင်အိုကိုလည်း သတိုးမင်းလှကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။

စစ်ကိုင်းမင်းသည် အေးဆေးပေါ့တန်စွာနေသည့် ပျော့ပြောင်းသော မင်းတစ်ပါးဖြစ်သဖြင့် ဘုရင်၏ ဦးစားပေးခံရလွန်းသည့် မိဖုရားခေါင်ကြီးမယ်နုသည် နန်းတော်တွင် အာဏာထက်သည့် မိဖုရားကြီးဖြစ်လာခဲ့သည်။

**စစ်ကိုင်းမင်း၏ နောက်ဆုံးနေ့များ**

စစ်ကိုင်းမင်းသည် ၁၈၃၁ ခုနှစ်တွင် စိတ်ဝေဒနာခံစားခဲ့ရသဖြင့် တိုင်းပြည်အုပ်ချုပ်ရေးတာဝန်များကို မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၏အစ်ကို စလင်းမြို့ဝန် ဦးအိုက ကိုင်တွယ်စီမံခဲ့သည်။ စစ်ကိုင်းမင်းသည် သားတော်ညောင်ရမ်းမင်းသားအား အိမ်ရှေ့စံမင်းသားအဖြစ် မထားခဲ့သဖြင့် ညီတော် သာယာဝတီမင်းသားသည် လက်နက်လူသူစုဆောင်းကာ သတိဖြင့် စောင့်ကြည့်နေခဲ့သည်။

သာယာဝတီမင်းသား၏ နှမအရင်း ပုဂံမင်းသမီးအိမ်တော်ကို ဦးအို၏ အမိန့်ဖြင့် ၁၈၃၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ဝင်ရောက်ရှာဖွေ၍ လက်နက်များသိမ်းဆည်းပြီး သာယာဝတီမင်းအိမ်တော်ကို ဆက်လက်ဝင်ရောက်ခဲ့ရာ အိမ်တော်စောင့်များနှင့် ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၂၄ ရက်တွင် သာယာဝတီမင်းသားသည် သေနတ်ကိုင် ၅၀၀နှင့်အတူ စစ်ကိုင်းသို့ ထွက်ခွာသွားချိန်တွင် ဦးအိုက သာယာဝတီမင်းသား၏ အိမ်တော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ထိုအချိန်မှစ၍ သာယာဝတီမင်းသား၏ ပုန်ကန်မှု စတင်ခဲ့သည်ဟု ဆိုကြသည်။

ဗြိတိသျှ သံကိုယ်စားလှယ် ဘာနေက စစ်ကိုင်းမင်း၏ ဝန်ကြီးများနှင့် တွေ့ဆုံကာ သာယာဝတီမင်းသားဘက်မှ အသာရနေသဖြင့် ညီတော် နောင်တော်အကြား စေ့စပ်မှု ပြုရန် အကြံပေးခဲ့သည်။ သို့သော် စစ်ကိုင်းမင်း၏ ဝန်ကြီးအဖွဲ့သည် ဘာနေ၏ အကြံပြုချက်ကို လက်မခံခဲ့ချေ။ သာယာဝတီမင်းသည် သားတော်မင်းရဲကျော်ထင်နှင့် မင်းရဲသီဟကျော်တို့ကို အင်းဝသို့ ချီစေခဲ့သဖြင့် စလင်းမင်းသားကြီးဦးအိုက ဘာနေအား စေ့စပ်ပေးရန် စာရေးသားတောင်းဆိုခဲ့သည်။ ဘာနေသည် ရွှေဘိုသို့ သွားရောက်၍ သာယာဝတီမင်းသားကိုတွေ့ဆုံကာ မင်းသား၏သားတော်နှင့် ဦးအို၏သမီးတော် လက်ထပ်ရေး၊ စကြာမင်းသားအား အိမ်ရှေ့ရာထူးပေးရေး တို့ကို ညှိနှိုင်းခဲ့သော်လည်း သာယာဝတီမင်းသားက လက်မခံခဲ့ချေ။ သို့သော် နောင်တော်ဘက်မှ အလျှော့ပေးပါက စစ်ကိုင်းမင်းနှင့်တကွ အားလုံးကို မစီရင်ပါဟု ကတိရခဲ့သဖြင့် ဘာနေသည် အင်းဝသို့ ပြန်လာခဲ့သည်။ ၁၈၃၇ ခုနှစ် ဧပြီလ ၃၀ ရက်တွင် နောင်တော်စစ်ကိုင်းမင်းက ညီတော် သာယာဝတီမင်းထံ ထီးနန်းကို လွှဲပြောင်းပေးခဲ့သည်။ သာယာဝတီမင်းသည် နောင်တော် စစ်ကိုင်းမင်းအား ကောင်းစွာစောင့်ရှောက်ထားခဲ့ပြီး စစ်ကိုင်းမင်းသည် သက်တော် ၆၂ နှစ်အရွယ်၊ ၁၈၄၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် နတ်ရွာစံခဲ့သည်။

ဘိုးတော် ဗဒုံမင်းထံမှ ကြီးမားသော နိုင်ငံတော်ကြီးကို အမွေခံခဲ့ရသော်လည်း စစ်ကိုင်းမင်းလက်ထက်တွင် မြန်မာတို့၏ အင်အားများ ပထမဆုံးလျော့ကျခဲ့ရကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။

စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့က သားသမီး သုံးဦး ထွန်းကားခဲ့ရာ သမီးတော် အကြီးဆုံးသည် ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီး သားတော် ပလိုင်းရွာစားသည် အသက်ခြောက်နှစ်အရွယ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ အငယ်ဆုံး သမီးတော် မယ်သဲသည် နောင်အခါတွင် မင်းတုန်းမင်း၏အလယ်နန်းမတော် မိဖုရားဖြစ်လာခဲ့ကာ ဆင်ဖြူမရှင်ဟု ထင်ရှားခဲ့ပြီး သမီးတော် စုဖုရားလတ်ကို ဖွားမြင်ခဲ့သည်။

**နန်းမတော်မယ်နု၏ နိဂုံး**

သာယာဝတီမင်းသားသည် နောင်တော် စစ်ကိုင်းမင်းလက်ထက်တွင် နောင်တော်၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုနှင့် အစ်ကိုဖြစ်သူ စလင်းမြို့စားဦးအိုတို့၏ ဩဇာလွှမ်းမိုးမှုကို ပယ်လှန်၍ နောင်တော်ထံမှ နိုင်ငံတော်ကို လွှဲပြောင်းယူခဲ့ပြီး ကျောက်မြောင်းတွင် ယာယီနန်းစံခဲ့ကာ ၁၈၃၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် တွင် အမရပူရသို့ ပြောင်းရွှေ့ခဲ့သည်။

၁၈၄၀ ပြည့်နှစ် မတ်လ ၂၇ ရက်တွင် မတ္တရာကျော်စဉ်တိုက် ကျေးရွာများတွင် ရွှေဓားမင်းသားခေါ် ငဝင်းငယ်နှင့် အပေါင်းပါ ၁၅၀၀ က ပုန်ကန်ထကြွကြသဖြင့် သာယာဝတီမင်းက နှိမ်နင်းခဲ့ကာ ရွှေဓားမင်းသားကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများကိုစစ်မေးရာတွင် နန်းမတော် မယ်နုက စလင်းမင်းသားမောင်အိုနှင့် ပူးပေါင်းကြံစည်ခဲ့ကြောင်း သိရှိရသဖြင့် နန်းမတော်မယ်နုကို စစ်ဆေးခဲ့ရာ နန်းမတော်က မှန်ကန်ကြောင်း ထွက်ဆိုခဲ့သည်။ သာယာဝတီမင်းသည် မိဖုရားကြီးကို ထုံးစံနှင့်အညီ ၁၈၄၀ ပြည့်နှစ် မေလ ၁၂ ရက်တွင် တောင်သမန်အင်း၌ ရေချစီရင်ခဲ့သည်။ စလင်းစားငယ်နှင့် အပေါင်းအပါများကိုလည်း အပြစ်အားလျော်စွာ စီရင်ခဲ့သည်။

**ဖလံခုံသို့**

နန်းမတော်မယ်နု၏ မိဘများနေထိုင်ခဲ့သည့် ဖလံခုံရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့မှ အနောက်မြောက်ဘက် လေးမိုင်အကွာတွင်တည်ရှိသည်။ ရေဦး ကံထူးမလမ်းနှင့် ကပ်လျက်တည်ရှိနေသည့် ဖလံခုံရွာအနီးတွင် ဆည်မြောင်းလက်တံတစ်ခုရှိကာ မူးမြစ်နှင့် မိုင်အနည်းငယ်ကွာဝေးသည်။

> “ကျေးရွာများတွင် ရွှေဓားမင်းသားခေါ် ငဝင်းငယ်နှင့် အပေါင်းပါ ၁၅၀၀ က ပုန်ကန်ထကြွကြသဖြင့် သာယာဝတီမင်းက နှိမ်နင်းခဲ့ကာ ရွှေဓားမင်းသားကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများကိုစစ်မေးရာတွင် နန်းမတော်မယ်နုက စလင်းမင်းသားမောင်အိုနှင့် ပူးပေါင်းကြံစည်ခဲ့ကြောင်း သိရှိရသဖြင့် နန်းမတော်မယ်နုကို စစ်ဆေးခဲ့ရာ နန်းမတော်က မှန်ကန်ကြောင်း ထွက်ဆိုခဲ့သည်။ သာယာဝတီမင်းသည် မိဖုရားကြီးကို ထုံးစံနှင့်အညီ ၁၈၄၀ ပြည့်နှစ် မေလ ၁၂ ရက်တွင် တောင်သမန်အင်း၌ ရေချစီရင်ခဲ့သည်။ စလင်းစားငယ်နှင့် အပေါင်းအပါများကိုလည်း အပြစ်အားလျော်စွာစီရင်ခဲ့ပေသည်”

ဖလံခုံရွာနှင့် အနီးတစ်ဝိုက်တွင် နန်းမတော်မယ်နုနှင့် ဦးအိုတို့ တည်ထားခဲ့သည့် စေတီများအပါအဝင် ဘုရားပုထိုးများကို တွေ့ရှိရသည်။စေတီများသည် မြင့်မားသောမဟာရံ တံတိုင်းဖြင့် ကာရံထားသည့် ကျယ်ဝန်းသော ပရိဝုဏ်တစ်ခုအတွင်း တည်ရှိနေကြသည်။ စေတီများကို တစ်ချိန်တည်း တည်ခဲ့သည်ဟု ထင်ရကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဇယားဝင် ရှေးဟောင်း အဆောက်အအုံများစာရင်းအမှတ်(၂၉)တွင် ဖော်ပြထားသည့် နန်းမတော်မယ်နု ဘုရားသည် ခရစ်နှစ် ၁၈၂၂ ခုနှစ်၌ တည်ထားခဲ့သည့် အဓိက အဆောက်အအုံတစ်ခုဖြစ်ကြောင်း နန်းမတော်မယ်နု ရှင်းတမ်းစာအုပ်တွင် ရေးသားထားသည်။

နန်းမတော်မယ်နု တည်ထားခဲ့သည့် စေတီတော်၏ ဘွဲ့အမည်သည် သုဝဏ္ဏသီမအောင်နန်းဖြစ်ပြီး အမြင့် ပေ ၁၀၀ ရှိ၍ ဖိနပ်ခုံ အချင်းသည် ၉၂ ပေရှိသည်။ ယခုအခါတွင် စေတီတော် အထက်ပိုင်းတစ်ခုလုံးကို ပြုပြင်ကာ ရွှေများချထားသည်ကို မြင်တွေ့ကြရသည်။ အစ်ကိုဖြစ်သူ ဦးအို တည်ထားခဲ့သည့် မဟာမုနိစေတီသည် နန်းမတော်မယ်နုစေတီနှင့် ယှဉ်လျက် တည်ရှိနေကာ ဦးအိုတည်ခဲ့သည့်စေတီက နန်းမတော်မယ်နုတည်ခဲ့သည့်စေတီထက် အနည်းငယ် သေးငယ်ကာ ပုံစံမှာ အတူတူဖြစ်သည်။ စေတီရှိ စောင်းတန်းလှေကားများမှ တစ်ဆင့် စေတီတော်တစ်ဝက်အထိ တက်ရောက်နိုင်သည်။

ဦးအိုကောင်းမှု မဟာမုနိဘုရား၏ အနောက်ဘက်တွင် ပုံသဏ္ဍာန်တူစေတီငယ် ငါးဆူတန်းနေသည်ကို မြင်တွေ့နိုင်ကြသည်။ ယင်းစေတီတော်များသည် တစ်ဆူနှင့် တစ်ဆူ အကွာအဝေး တူညီစွာတည်ရှိနေကြရာ လက်ရာရှင် တစ်ဦးတစ်ဖွဲ့တည်းက တစ်ချိန်တည်း တည်ထားခဲ့ဟန်ရှိပေသည်။ ယင်းစေတီများအနီးတွင် မနုဿသီဟရုပ်များ မွမ်းမံထားသည့် စေတီဟောင်းတစ်ဆူလည်း ရှိနေသည်။ ယင်းစေတီတော် နှစ်ဆူ၏ မြောက်ဘက်တွင် အရွယ်ကြီးမားသော စေတီနှစ်ဆူရှိရာ နန်းမတော်မယ်နုနှင့် ဆွေမျိုးတော်စပ်သူ မမယ်ရီတည်ခဲ့သည့် ဘုရားဟု ဆိုကြသည်။

ယင်းစေတီများ၏ အနောက်ဘက်တွင် နန်းမတော်မယ်နု၏ဘကြီးတော် မြင်းဝန် တည်ခဲ့သည့် ဘုရားနှစ်ဆူရှိရာ ပရိဝုဏ် ပြင်ပတွင်ရှိသည့်ခြင်္သေ့ရုပ်ကြီးများသည် ဦးတော်၏ ကောင်းမှုဖြစ်ပြီး ပရိဝုဏ်အတွင်းရှိ ကြီးမားသောခြင်္သေ့ရုပ်ကြီးများသည် ဦးအို၏ကောင်းမှုဖြစ်ကြောင်း ယူဆကြသည်။ အုတ်ဖြင့် ပြုလုပ်ထားသည့် ခြင်္သေ့ရုပ်ကြီးများနှင့် ခြင်္သေ့ရုပ်များ အနီးရှိ တံခွန်တိုင်များသည် များစွာပျက်စီးနေပြီဖြစ်သည်။ ခြင်္သေ့ရုပ်ကြီးများ၏ မျက်နှာချင်းဆိုင်တွင် ရွာလမ်းခြားလျက် လေးထောင့်စပ်စပ် ရေကန်တစ်ခုကို မြင်တွေ့ကြရသည်။

ဖလံခုံရွာအဝင် မြောက်ဘက်ပိုင်းတွင်နန်းမတော်မယ်နု၏ ဘကြီးတော် ဒီပဲယင်းဝန် ဦးတွန်တည်ခဲ့သည့် ရှင်ပင်ဘုန်းပွင့်ဘုရားတည်ရှိသည်။ ဖလံခုံရွာတွင် ဦးအိုတည်ခဲ့သည့် မဟာဝိသုတာရာမ မြေစိုက်နှစ်ထပ် ဘုန်းတော်ကြီးဟောင်းကြီး တည်ရှိပြီး ပျက်စီးနေသည့် အပိုင်းများကို ပြန်လည် ပြုပြင်ထားခဲ့သဖြင့် လက်ရှိကျောင်းသည် မူလ ကျောင်းထက်များစွာသေးငယ်သွားခဲ့သည်ဟု ဆိုသည်။ အနောက်ကျောင်းဟုလည်းခေါ်သည့် ထိုကျောင်းတွင် ဦးအို သွန်းလုပ်လှူဒါန်းခဲ့သည့် ခေါင်းလောင်းတစ်ခုရှိပြီး ခေါင်းလောင်းတွင် နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း ကမ္ပည်းစာများရေးထိုးထားသည်။ ခေါင်းလောင်း၏ အလေးချိန်ကို ၄၇၀၄ ပိဿာဟု ရေးသားထားရာ ၇ ဒသမ ၅၆ တန် အလေးချိန်ရှိသဖြင့် အလေးချိန် ယူနစ် မှားယွင်းနေဖွယ်ရှိသည်။ ဦးအိုခေါင်းလောင်း၏ ခေါင်းလောင်းဆွဲကို မြွေပုံသဏ္ဍာန်ပြုလုပ်ထားခြင်းသည် ထူးခြားနေပေသည်။

ဖလံခုံရွာနှင့်ဆက်လျက် တည်ရှိနေသည့် မြင်းပေါက်ရွာတွင် ဘကြီးတော်မင်းဦးတေ ဆောက်လုပ်ခဲ့သည့် နှစ်ထပ်အုတ်ကျောင်းကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသည်။ နှစ်ထပ်အုတ်အဆောက်အအုံကြီးတွင် သစ်ပင်ချုံနွယ်များပေါက်ရောက်နေကာ နံရံများလည်း အက်ကွဲနေပြီဖြစ်သည်။ အုတ်ကျောင်းကြီး၏ အထပ်တစ်ထပ်စီ၏ မျက်နှာတစ်ဖက်စီတွင် မုခ်ပေါက် ငါးပေါက်စီကို အင်္ဂတေ တံကဲများဖြင့် ပြုလုပ်ထားရာ လွန်စွာ လက်ရာမြောက်လှပေသည်။ အုတ်ကျောင်းကြီး၏ ရှေ့ကွင်းပြင်၌ ရှေးဟောင်းစေတီများကို တွေ့ရှိကြရာ အလှူရှင်များကို မသိရှိနိုင်ခဲ့ပါချေ။

နန်းမတော်မယ်နုနှင့် ဦးအိုတို့သည် မိမိတို့ကောင်းစားနေစဉ်အချိန်အတွင်း ဖလံခုံကျေးရွာတွင် စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြရာ ကုန်းဘောင်ခေတ်လက်ရာ သမိုင်းဝင် အဆောက်အအုံများအဖြစ် ယနေ့တိုင်မြင်တွေ့နေကြရပေသည်။ သို့သော် ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းသဖြင့် ပျက်စီးမှုများနှင့် ရင်ဆိုင်နေကြရသည်။

မြန်မာ့သမိုင်းအတွင်း ကုန်းဘောင်ခေတ်တွင် နန်းစံခဲ့သည့် စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုနှင့် စပ်ဆိုင်သည့် မှတ်တမ်းများကို ထိုစဉ်က မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည့် သာသနာပြု ဂျပ်ဆင်(Judson)၊ အင်္ဂလိပ်သံကိုယ်စားလှယ် ဘာနေ (Burney)၊ ကရော့ဖို့ဒ်(Crawford) စသည့် ပြည်ပနိုင်ငံသားများက ရေးသားခဲ့ကြသည်။ သို့သော် ယင်းတို့သည် နန်းမတော်မယ်နုအပေါ် မကောင်းသောအမြင်များဖြင့် ရေးသားခဲ့ကြသကဲ့သို့ မြန်မာရာဇဝင်ဆရာအချို့၏ စွပ်စွဲ ပုတ်ခတ်ရေးသားမှုများကြောင့် နန်းမတော်မယ်နုသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူ မိဖုရားတစ်ပါး ဖြစ်ခဲ့ရသည်။

မည်သို့ပင် ဆိုစေ၊ ကုန်းဘောင်ခေတ်သမိုင်းတွင် ထင်ရှားခဲ့သည့် မြန်မာမိဖုရားခေါင်ကြီးတစ်ပါး၏ အမွေအနှစ်များအဖြစ် မိဖုရားကြီးနှင့် အစ်ကိုဖြစ်သူတို့ တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုးများနှင့် အင်းဝတွင် တည်ဆောက်ခဲ့သည့် အုတ်ကျောင်းကြီးသည် သမိုင်းအထောက်အထားများအဖြစ် ကျန်ရှိနေပေရာ မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်သာ ဖြစ်ပါပေသည်။ ။

**ကိုးကား**


(၁) နန်းမတော်မယ်နု ရှင်းတမ်း(မောင်သန်းဆွေ၊ ထားဝယ်)

(၂) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ(ဦးမောင်မောင်တင်)

(၃) မြန်မာ့ရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက် (ဦးတိက္ခဓမ္မာလင်္ကာရ၊ဒေါက်တာသန်းထွန်း)

(၄) ကုန်းဘောင်ရှာပုံတော်(ညိုမြ)

# စားသောက်ကုန်များတွင် သက်တမ်းကုန်ရက်စွဲများကို မြန်မာဘာသာဖြင့်ဖော်ပြရန် ဆောင်ရွက်နေ

**မကွေး ဇန်နဝါရီ ၁၅**

စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများတွင် အများပြည်သူဆိုင်ရာ လိုအပ်ချက်တစ်ခုအရ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲများကို မြန်မာဘာသာဖြင့် ဖော်ပြရန် ဆောင်ရွက်နေကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

"၂၀၁၆ခုနှစ်ကထက်စာရင် ဒိတ်ကိုကြည့်ပြီးဝယ်သင့်တယ်ဆိုတဲ့ Consumer Knowledge ကျယ်ပြန့်လာတာကိုတော့ တွေ့ရတယ်၊ ရာခိုင်နှုန်းကတော့ နည်းနေပါသေးတယ်၊ မြို့ပြ ကျေးလက်နေသူများရဲ့ ၄၀ ရာခိုင်နှုန်းခန့်သာ ရှိနိုင်ပါတယ်၊ Expire Date က ဘယ်ဟာလဲ၊ ဘယ်နားမှာရေးထားတာလဲ၊ ဒါမျိုးတောင် သိနိုင်အောင် လုပ်ရဖို့တွေ ရှိတယ်၊ ဒါကြောင့်မို့ ထုတ်လုပ်တဲ့ စက်ရုံလုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးတဲ့အခါမှာ Expire Date ကို မြန်မာလိုဖော်ပြဖို့အထိ ပြောထားတာ ရှိပါတယ်၊ ထုတ်ကုန်နဲ့ပတ်သက်ပြီး Labeling Law အမှတ်တံဆိပ်ဥပဒေမှာလည်း ပါလာပါလိမ့်မယ်၊ ပြဋ္ဌာန်းဆဲပေါ့"ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။



လက်ရှိအချိန်တွင် အစားအသောက်ဥပဒေ၏ Labeling Section ၌ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်မည့်ရက်စွဲကို ဖော်ပြရမည်ဟု ပြဋ္ဌာန်းပါရှိသော်လည်း မြန်မာဘာသာ(သို့) အင်္ဂလိပ်ဘာသာ စသဖြင့် အတိအကျမရှိသေးသည့်အတွက် ယင်းသို့ပြဋ္ဌာန်းပါရှိရန် ဌာနအနေဖြင့် ဆောင်ရွက်နေကြောင်း ဒေါက်တာပြည့်ထူးက ရှင်းပြသည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးကလည်း မုန့်တွေထဲကအချို့မှာ date ဖော်ပြထားပေမယ့် ထုတ်လုပ်တဲ့ date နဲ့ နောက်ဆုံးသုံးစွဲရမယ့် date ကို ကွဲကွဲပြားပြား ဖော်ပြတာမျိုးမဟုတ်ဘဲနဲ့ စားသုံးသူ ထင်ယောင်ထင်မှားဖြစ်အောင် ရည်ရွယ်ပြီးလုပ်တဲ့ အနေအထားကို စစ်ဆေးတဲ့အခါ တွေ့ရပါတယ်။ နောက်ဆုံးသုံးစွဲရမယ့်ရက်စွဲကို ပြင်ဆင်ထားတဲ့ ကိတ်မုန့်တွေလည်း တွေ့ရပါတယ်"ဟု ပြောသည်။

စားသောက်ကုန်ဆိုင်ရာ အဓိပ္ပာယ်ရှင်းလင်းချက်များကို မြန်မာဘာသာဖြင့်ဖော်ပြခြင်းမှာ ကျေးလက်နေပြည်သူများ၊ ကျောင်းသားလူငယ်များအတွက် များစွာ အထောက်အပံ့ဖြစ်နိုင်ပြီး သက်တမ်းလွန်မုန့်ရောင်းချသူများအားလည်း ထိရောက်စွာ အရေးယူပေးစေလိုကြောင်း မကွေးဒေသခံ ကျောင်းသားမိဘတစ်ဦးက အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# သခွားမွှေးစိုက်ပျိုးခြင်းဖြင့် တောင်သူများအဆင်ပြေ

**ကျောက်ဆည် ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများအနေဖြင့် စပါးနှင့်နှမ်းအပါအဝင် သီးနှံမျိုးစုံကို စိုက်ပျိုးကြပြီး ကျေးရွာအချို့တွင် နှစ်ပတ်လည် ရာသီမရွေး စိုက်ပျိုးနိုင်သော သခွားမွှေးကို စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားအထိ တင်ပို့နိုင်ကာ တောင်သူများအနေဖြင့်လည်း ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ပုန်းညက်ကျေးအုပ်စု ဈေးရွာကျေးရွာမှ သခွားမွှေးစိုက်တောင်သူ ဦးကျော်ရှိန်က သခွားမွှေးကို လယ်၊ ယာ၊ ကိုင်း၊ ကျွန်းမြေများတွင် မြစ်ရေတင်၍လည်းကောင်း၊ စက်ရေတင်၍လည်းကောင်း စိုက်ပျိုးကြပြီး ရေကိုလိုအပ်သလိုရရှိသော နေရာများတွင် အောင်မြင်ဖြစ်ထွန်းကြောင်း၊ စိုက်ပျိုးရန် မြေပြင်ဆင်ရာတွင် ထယ်နှစ်စပ်၊ ထွန်လေးစပ်ထိုး၍ မြေပြင်ပြီး အာမိုမြေဩဇာ တစ်ကေလျှင် လေးလုံးခံပြီး ပေါင်များပြုလုပ်၍ အကျယ် နှစ်ပေ၊ အမြင့် ၁၀ လက်မပေါင်များ ပြုလုပ်ပြီး တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း ပြောသည်။ သခွားမွှေးစိုက်ပျိုးခြင်းအတွက် တစ်ကေကုန်ကျငွေ စုစုပေါင်းမှာ ကျပ်သိန်း ၃၀ ခန့်ရှိပြီး စိုက်ပျိုးချိန်မှ သုံးလအတွင်း ဆွတ်ခူးရောင်းချရကာ တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေအပေါ်မူတည်၍ အမြတ်ငွေ ၃၀ ရာခိုင်နှုန်းဝန်းကျင် ရရှိကြကြောင်း သိရသည်။ **ခင်မောင်လွင်**



# လမ်းသစ်အိမ်ရာတွင်နေထိုင်သူများအား ယာယီပြောင်းရွှေ့နေထိုင်စရိတ် စတင်ထုတ်ပေးနေ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ လမ်းသစ်အိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်သည့်အတွက် ယင်းအိမ်ရာတွင် အငှားချထားသော နေထိုင်သူများအား ယာယီပြောင်းရွှေ့နေထိုင်ရန် စရိတ်များကို ဇန်နဝါရီ ၁၂ ရက်က ယင်းအိမ်ရာစခန်းရှိ အိုးအိမ်ဌာနရုံးခန်း၌ ပထမအကြိမ် စတင်ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေသည်ဟုသွားရောက်ထုတ်ယူခဲ့သူ တိုက်အမှတ် ၁ အခန်းအမှတ် ၂၀ နေ အငြိမ်းစားဝန်ထမ်း ဦးသန်းညွှန့်ကပြောဆိုသည်။

လမ်းသစ်အိမ်ရာစခန်းတွင် တစ်တိုက်လျှင် ၂၄ ခန်းပါ လေးထပ်တိုက်ပေါင်း ၁၁ တိုက် ပါရှိရာ အခန်းပေါင်း ၂၆၄ ခန်းရှိပြီး ဌာနဆိုင်ရာနှင့်အသင်းအဖွဲ့များ၏ အခန်း ငါးခန်းရှိသည်ဟု သိရသည်။ ၁၉၅၅ ခုနှစ် ဝန်းကျင်က တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ အဆောက်အအုံသက်တမ်းမှာ နှစ် ၆၀ ဝန်းကျင် ရှိနေပြီဖြစ်သည်။

အဆိုပါအိမ်ရာစခန်းကို အထပ်မြင့်အဆောက်အအုံအဖြစ် ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး မြေညီမှ ခုနစ်လွှာအထိတွင် ကားပါကင်ဖြစ်ပြီး ၈ လွှာမှ ၂၃ လွှာအထိ တိုက်ခန်းများတွင် ယခုနေထိုင်သူများအား ပြန်လည် နေရာချထားပေးမည်ဟု ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက ပြုလုပ်သော မြို့ပြနှင့်အိမ်ရာစီမံကိန်း ရန်ကုန်တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အိမ်ရာစခန်းနေသူများတွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားချက်များအရ သိရသည်။



ယခု အိမ်ရာတွင် နေထိုင်သူများအတွက် ယာယီပြောင်းရွှေ့စရိတ် ပထမအကြိမ်ထုတ်ပေးရာတွင် အိမ်ပြောင်း အိမ်တက်စရိတ် ကျပ်သုံးသိန်းစီနှင့် အိမ်ငှားရမ်းစရိတ်အတွက် ဌာနမှ ကျပ် ၂၃၀၀၀၀ နှင့် စီမံကိန်းလုပ်ဆောင်မည့်ကုမ္ပဏီမှ ကျပ်တစ်သိန်း၊ စုစုပေါင်းတစ်လလျှင် ကျပ် ၃၃၀၀၀၀ ထုတ်ပေးမည်ဟု သိရသည်။

ဇန်နဝါရီ ၁၂ ရက်က စတင်ထုတ်ပေးရာတွင် ကိုးဦးကို ထုတ်ပေးခဲ့ကြောင်း၊ အဆိုပါရုံးရှေ့တွင် တင်ပြပေးအပ်ရမည့် စာရွက်စာတမ်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာထားပြီး ယင်းစာရွက်စာတမ်းမူရင်းများကို တစ်ပါတည်း ပေးအပ်ပြီးမှ တစ်နှစ်စာအိမ်ငှားရမ်းခ ကျပ် ၃၉၆၀၀၀၀ နှင့် အိမ်ပြောင်းရွှေ့စရိတ် အတက်အဆင်း ကျပ်သိန်း စုစုပေါင်း ကျပ် ၄၅၆၀၀၀၀ ကို ချက်လက်မှတ်ဖြင့် ထုတ်ပေးကြောင်း ငွေထုတ်ယူရန်သွားရောက်သည့် အိမ်ရာတွင်နေထိုင်သူတစ်ဦးက ပြောသည်။ အိမ်ခန်းကို အပြီးပြောင်းရွှေ့ပြီးနောက် ရုံးသို့ အခန်းအပ် အသိပေးပြီး ၁၄ ရက်အကြာတွင် နောက်ထပ် နှစ်နှစ်စာအိမ်ငှားခကို ထပ်မံထုတ်ပေးမည်ဟု သိရသည်။

**ခင်ဆိုင်**

# သနပ်ပင်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်မည်

**သနပ်ပင် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် ဇမ္ဗူရာဇ်လမ်းရှိ မြို့မပရိယတ္တိစာသင်တိုက်ကျောင်းရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို တည်ဆောက်ထားရှိသွားမည်ဖြစ်ကြောင်းနှင့် ရုပ်တုတည်ဆောက်မည့် မြေနေရာတွင် မြေသန့်ခြင်းမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြေသန့်မင်္ဂလာ ပြုလုပ်ရာတွင် မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၇ ကျောင်းမှ ပင့်သံဃာ ၁၇ ပါးကြွရောက်၍ သနပ်ပင်မြို့မ ပရိယတ္တိစာသင်တိုက်ကျောင်းမှ ဆရာတော်က တရားဟောကြားပြီး မြေသန့်မင်္ဂလာ ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ တည်ဆောက်မည့် ဗိုလ်ချုပ်ကြေးရုပ်မှာ အမြင့် ကိုးပေရှိမည်ဖြစ်ပြီး ပန်းခြံအပါအဝင် စုစုပေါင်း ကျပ်သိန်း ၅၀၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**တင်အောင်ဆန်း(သနပ်ပင်)**

# ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပလက်ဝ ဇန်နဝါရီ ၁၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ကျီးလေကျေးရွာအုပ်စုအတွင်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်မျိုးနိုင်နှင့် တာဝန်ရှိသူများသည် ကျီးလေကျေးရွာမူလတန်းလွန်ကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကျေးရွာအုပ်စုအတွင်း ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာလူကူးကြိုးတံတားအသစ် ဆောက်လုပ်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်ကျော့ (ပလက်ဝ)**

# ကယားပြည်နယ်နေ့အထိမ်းအမှတ် ကန္ဒရဝတီအလှမယ်ပြိုင်ပွဲ လွိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၁၈ ခုနှစ်အတွင်း ကျရောက်သည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကန္ဒရဝတီအလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်က လွိုင်ကော်မြို့ရှိ ကယားပြည်နယ်ခန်းမ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် အလှမယ် ၁၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ကန္ဒရဝတီအလှမယ်များက တစ်ဦးချင်းမိတ်ဆက်ပြီး သတ်မှတ်ကိုယ်ဟန်ပြချက်(၄)ချက်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကာ ဆက်လက်၍ အလှမယ် ၁၀ ဦးအား ပဏာမရွေးချယ်ပြီး ယင်းအလှမယ်များက စိတ်ကြိုက်ကိုယ်ဟန်ပြချက် သုံးချက်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကြပြီး ဗဟုသုတမေးခွန်းများ မေးမြန်းခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပပြီး ကန္ဒရဝတီအလှမယ် ပထမတံခွန်စိုက်ဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ရရှိကြသော အလှမယ်များအား ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန်းစောခင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ပရိယတ္တိစာသင်တိုက် ငွေရတုသဘင်ပွဲ ကျင်းပ

**နမ့်ခမ်း ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့ရှိ သာသနဝိပုလပရိယတ္တိစာသင်တိုက် (၂၅)နှစ်ပြည့် ငွေရတုပွဲတော်ကို ဇန်နဝါရီ ၁၂ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ပွဲတော်ဖွင့်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်လုံးဆိုင်ရာသံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒ၊ ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဂုဏ်ထူးဆောင်ဓမ္မပါရဂူ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် နမ့်ခမ်းမြို့ မဟာစည်သာသနာ့ရိပ်သာနှင့် သာသနဝိပုလပရိယတ္တိ စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသူရိယနှင့် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ထင်လတ်ဦး၊ မူဆယ်ခရိုင်သာသနာရေးဦးစီးမှူး ဦးရွှေအေးမောင်၊ နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့က ဖဲကြိုးဖြတ်၍ ငွေရတုပွဲတော်ကို ဖွင့်လှစ်သည်။

ငွေရတုပွဲတော်ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး နေ့စဉ် တရားသဘင်ပွဲများ၊ ညစဉ် ရှမ်းရိုးရာဇာတ်ပွဲသဘင်နှင့် စင်တင်တေးဂီတအစီအစဉ်များ ထည့်သွင်း၍ ကျင်းပခဲ့ကာ သံဃာတော်အပါး ၅၀၀ ပင့်ဖိတ်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

# တိုက်ပွဲရှောင်စခန်းနေ အမျိုးသမီးများ အသေးစားလက်မှုလုပ်ငန်းများလုပ်ကိုင်ရန် ထောက်ပံ့ငွေပေး



**မြိုင်ကြီးငူ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်သော အမျိုးသမီးများအနေဖြင့် အသေးစားလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထောက်ပံ့ငွေများကို မြိုင်ကြီးငူအထူးဒေသရှိ အေးလင်းမြရှင်း တိုက်ပွဲရှောင်စခန်း၌ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ဇန်နဝါရီ ၁၁ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မြတ်ပန်းဝတ်မှုံ တိုက်ပွဲရှောင်စခန်းနှင့် အေးလင်းမြရှင်းတိုက်ပွဲရှောင်စခန်းနေ အမျိုးသမီးများအတွက် အသေးစားလက်မှုလုပ်ငန်းဖြစ်သော ဂျပ်ခုတ်လုပ်ငန်းလုပ်ကိုင်ရန် ရင်းနှီးမတည်ငွေ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၅၇ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါ တိုက်ပွဲရှောင်စခန်းနှစ်ခုတွင် မိုင်းအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသလို စခန်းမှ ကလေးများအတွက် ကစားကွင်းများ စီစဉ်ပေးခြင်း၊ အားနည်းချက်ရှိသည့် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအား ကူညီထောက်ပံ့ပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ထောက်ပံ့ငွေပေးအပ်ခြင်းမှာ တိုက်ပွဲရှောင်စခန်းနေ အမျိုးသမီးလေးများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မတည်ငွေအဖြစ် အခမဲ့ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဂျပ်ခုတ်လုပ်ငန်းမှ ထွက်ရှိလာမည့် ပစ္စည်းများကိုလည်း ရန်ကုန်မြို့မှ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး အရောင်းအဝယ်ဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

အဆိုပါ တိုက်ပွဲရှောင်စခန်းနှစ်ခုတွင် နေထိုင်သော ပြည်သူများသည် စားနပ်ရိက္ခာအခက်အခဲများရှိနေသလို စခန်းမှာ သက်တမ်းနှစ်နှစ်ပြည့်နေပြီဖြစ်၍ ဝါးများဖြင့် ဆောက်လုပ်ထားခဲ့သည့် လူနေထိုင်သောတန်းလျား၊ နေအိမ်အဆောက်အအုံများမှာ ဆွေးမြည့်လာသည့်အတွက် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြိုင်ကြီးငူအထူးဒေသ၌ ဖွင့်လှစ်ထားသည့် မြတ်ပန်းဝတ်မှုံ တိုက်ပွဲရှောင်စခန်း၌ အိမ်ထောင်စု ၂၈၁ စုမှ လူဦးရေ ၁၆၈၁ ဦး၊ အေးလင်းမြရှင်း တိုက်ပွဲရှောင်စခန်းတွင် အိမ်ထောင်စု ၇၂၆ စုမှ လူဦးရေ ၃၈၄၅ ဦး စုစုပေါင်း လူဦးရေ ၅၅၂၆ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## သုံးနှစ်ဆက် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြု

**မန္တလေး ဇန်နဝါရီ ၁၅**

ကျင်းပပြီးစီးခဲ့သော ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတို့တွင် သုံးနှစ်ဆက်တိုက် ပထမဆု တံခွန်စိုက်ဆုဖလားများ ရရှိလာသော အားကစားမောင်မယ်များသည် ဇန်နဝါရီ ၁၂ ရက်က မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၏ အောင်ပွဲရပြေးခုန်ပစ် လက်ရွေးစင်အသင်းကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနရုံးရှေ့တွင် ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် အား/ကာမှ တာဝန်ရှိသူများ၏ မိသားစုဝင်များက ပန်းစည်းများ၊ ပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### အိတ်ဇောဖြုတ်စီးသည့်ဆိုင်ကယ်များကို အရေးယူပေးစေလို

ပုသိမ်ကြီးမြို့ (မန္တလေး)တွင် စည်းကမ်းပျက်ယာဉ်များရှိရာ အထူးသဖြင့် အိတ်ဇောဖြုတ်စီးသော ဆိုင်ကယ်များသည် နေ့စဉ်နှင့်အမျှ ဆူညံသံများဖြင့် ပတ်ဝန်းကျင်ကို ဒုက္ခပေးလျက်ရှိပါသည်။ ရပ်ရွာများရှိ သက်ကြီးရွယ်အိုများ၊ ကျောင်းသားများအတွက် လွန်စွာမှ အဆင်မပြေလှပါ။ အမြို့မြို့ အနယ်နယ်တွင်လည်း ယင်းအမှုမျိုးကို အရေးယူလျက်ရှိသည်ကို ဖတ်ရသိရပါ သည်။ သို့ပါ၍ ကျွန်တော်တို့မြို့တွင်လည်း အိတ်ဇောဖြုတ်စီးသည့် ဆိုင်ကယ်များ အပါအဝင် စည်းကမ်းမဲ့ယာဉ်များကို အမြန်ဆုံးပညာပေးအရေးယူမှုများ ဆောင်ရွက်ပေးစေလိုကြောင်း အများပြည်သူအကျိုးအတွက် လေးစားစွာ တင်ပြအပ်ပါသည်။

**စည်းကမ်းရှိစေလိုသူ**

### စည်းကမ်းမဲ့အရက်ဆိုင်ကို အရေးယူပေးစေလို

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း(ခ)ဘိုးဘွားရိပ်သာလမ်း ရွှေကျင်သာသနာ့ရိပ်သာ ဘုန်းကြီးကျောင်းရှေ့တွင် အရက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားပြီး စည်းကမ်းမဲ့ရောင်းချလျက်ရှိကာ အရက်ဆိုင်မှ စည်းကမ်းမဲ့ ဆူညံမှုများကြောင့် အနီးရှိ ဘုန်းတော်ကြီးကျောင်းမှ ရဟန်းသံဃာနှင့် သီလရှင်များ၊ ဘိုးဘွားရိပ်သာမှ တရားအားထုတ်သူများနှင့် ပတ်ဝန်းကျင်နေ ပြည်သူများအား များစွာ အနှောင့်အယှက်ဖြစ်စေပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် အသိပေး တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

# မြို့သန့်ရှင်းသာယာလှပရေး ပရဟိတအဖွဲ့များ စုပေါင်းအမှိုက်ကောက်

**သန်လျင် ဇန်နဝါရီ ၁၅**

သန်လျင်မြို့သည် ရန်ကုန်တောင်ပိုင်းခရိုင်၏ ရုံးစိုက်ရာမြို့ဖြစ်ပြီး သီလဝါစီးပွားရေးဇုန်စီမံကိန်းလည်း ဆောင်ရွက်လျက်ရှိရာ လူဦးရေနေထိုင်မှု များပြားလျက်ရှိသည်။ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသော်လည်း စည်းကမ်းမဲ့အမှိုက်ပစ်မှုများကြောင့် မြို့၏သန့်ရှင်းသာယာရေးကို ထိခိုက်လျက်ရှိရာ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စည်ပင်နှင့် မြို့ပေါ်ရှိ ပရဟိတအဖွဲ့များ စုပေါင်း၍ အမှိုက်ကောက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် စည်ပင်ဝန်ထမ်းများနှင့်အတူ ပရဟိတအဖွဲ့များဖြစ်သည့် သန်လျင်လူမှုကွန်ရက်၊ ကြယ်စင်သစ်ပရဟိတအဖွဲ့၊ အောင်မင်္ဂလာ စာပေပရဟိတအဖွဲ့၊ မုတိတာပညာဒါနအဖွဲ့၊ သန်လျင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အိုးဝေပညာဒါနအဖွဲ့၊ ရွှေလောင်းလှေ ရခိုင်လူမှုအဖွဲ့၊ သန်လျင်စက်ဘီးစီး အဖွဲ့တို့မှ အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၅၀ ခန့် စုပေါင်း၍ ပြည်တော်သာငြိမ်းချမ်းရေးကွင်းမှ သိမ်ကျောင်းလမ်းမကြီးအထိနှင့် မြို့မဈေးကြီးပတ်လည်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နေပြည်သူများအနေဖြင့် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းများ မပြုလုပ်ရန် ပညာပေးဗီနိုင်းများ၊ ပိုစတာများ ချိတ်ဆွဲ၍ အသိပညာပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ရထားခဲပေါက်မှုနှင့် မတော်တဆမှုများ မဖြစ်ပေါ်စေရေး ပညာပေးဆွေးနွေး

**အင်းတော် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ရထားခဲပေါက်မှုနှင့် ကား၊ ဆိုင်ကယ်၊ လှည်း၊ လူများနှင့် ရထား မတော်တဆထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို နဘားမီးရထားရဲတပ်ဖွဲ့ဝင်များက ဦးဆောင်၍ ပင်ဝဲကျေးရွာဘုတာရုံ၌ ဇန်နဝါရီ ၁၂ရက်က ပြုလုပ်ခဲ့သည်။

“တစ်စုံတစ်ဦးကိုထိခိုက်စေဖို့ ရည်ရွယ်ပြီးဖြစ်စေ၊ အပျော်အပြက်သဘောမျိုးနဲ့ဖြစ်စေ ရထားတွေ၊ ကားတွေ၊ ဆိုင်ကယ်နှင့်လှည်းတွေ သွားလာနေတာကို ခဲတွေနဲ့ပစ်ပေါက်တာမျိုးမလုပ်သင့်ပါဘူး၊ တွေ့ရှိပါက ဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးအရေးယူခံရမှာပါ၊ ဒါကြောင့်အထူးဂရုပြုရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်”ဟု ရထားရဲတပ်ဖွဲ့ အမှတ်(၂)တပ်ခွဲ တပ်စု(၁)နဘားမှ ခေတ္တတပ်စုမှူး ရဲတပ်ကြပ်ကြီး ကျော်ကျော်နိုင်က ပြောသည်။ ရထားနှင့် အခြားယာဉ်များ လူများမတော်တဆမှု မဖြစ်စေရေးအတွက် သတိပြုလိုက်နာသင့်သည်များ၊ ရှောင်ကြဉ်ရမည့်အချက်များကိုလည်း ဟောပြောပွဲတွင် ရထားရဲတပ်ဖွဲ့ဝင်များက ဟောပြောခဲ့ကြပြီး ဟောပြောသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(ဝ၆၇)**

# ကျောင်းကုန်းမြို့၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ကျောင်းကုန်း ဇန်နဝါရီ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ဇန်နဝါရီ ၉ ရက်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဦးခင်ဇော်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကျောင်းကုန်းမြို့မှ သင်တန်းသား ၁၅ ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၃ ရက်အထိ ၁၅ ရက်ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းများကို ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ချောင်းဆုံ ဇန်နဝါရီ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ၌ ရာသီအလိုက်ပေါကြွယ်ဝသော ဒေသထွက်သီးနှံများကို အခြေခံကာ တန်ဖိုးမြှင့်စားသောက်ကုန်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန်အတွက် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇန်နဝါရီ ၁၁ ရက်မှ စတင်၍ အခမဲ့ ဖွင့်လှစ်ပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မော်သက်က အမှာစကားပြောကြားပြီး သင်တန်းတွင် ပြည်တွင်းထွက် ပဲစင်းငုံကိုအခြေခံသော ကွတ်ကီးအမျိုးအမျိုး၊ ပဲချောင်းကြော်၊ သဘာဝ သစ်သီးဖျော်ရည်အမျိုးမျိုး၊ ဝိုင်၊ ယိုမျိုးစုံ၊ ဂျယ်လီပြုလုပ်နည်း စသည်တို့ကို မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာမများက စနစ်တကျ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ကာ သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



**မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာရှိ ဘဝမျက်ရှုစာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ရာ တောင်စွန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဟန်တင့်က လူကုန်ကူးမှုကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ဟောပြောနေစဉ်။**

မြို့နယ် (ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# အားကစားနှင့်ကာယပညာဦးစီးဌာန
# နေပြည်တော်
# ရက်စွဲ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမျိုးအစား | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|
| (က) | နည်းပြ(နည်းစနစ်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အလွတ်တန်းလက်ရွေးစင်ဖြစ်ရမည်။ မြန်မာ့လက်ရွေးစင်ဖြစ်ပါက ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။ |
| (ခ) | ကွန်ပျူတာစီစဉ်ရေးမှူး | ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူဖြစ်ရမည်။ Microsoft Word, Excel, Power Point ကျွမ်းကျင်ရမည်။ |
| (ဂ) | ဒု-ဦးစီးမှူး(ကွန်ပျူတာ) | ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူဖြစ်ရမည်။ Microsoft Word, Excel, Power Point ကျွမ်းကျင်ရမည်။ |
| (ဃ) | ဒု-ဦးစီးမှူး(သုတေသန) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ သုတေသနလုပ်ငန်းအတွေ့အကြုံရှိရမည်။ |
| (င) | ဒု-ကြီးကြပ်ရေးမှူး (ကွင်း/ရုံ) | BE(Civil), BE(Electrical), BE(Mechanical) |
| (စ) | စာရင်းကိုင်(၂) | CPA/B.Com/B.A(Eco)/B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ဆ) | ပစ္စည်းထိန်း(၂) | CPA/B.Com/B.A(Eco)/B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ဇ) | လျှပ်စစ်ကျွမ်းကျင်(၂) | B.E(Electrical) |
| (ဈ) | စက်မှုကျွမ်းကျင်(၂) | Any B.E (အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိရမည်) |
| (ည) | ကျွမ်းကျင်(၂)(ဓာတ်မှန်) | B.Med Tech (Medical Imaging Technology) |
| (ဋ) | ပြတိုက်လက်ထောက်(၂) | ဘွဲ့တစ်ခုခုရရှိပြီး စာကြည့်တိုက်ဒီပလိုမာအောင်ရမည်။ |
| (ဌ) | ဓာတ်ခွဲကျွမ်းကျင်(၂) | B.Med Tech (Medical Laboratory Technology) |

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
၃။ ၂၆-၁-၂၀၁၈ရက်တွင် လျှောက်လွှာဖောင်ပိတ်ပါမည်။ ၂၉-၁-၂၀၁၈ ရက်နှင့် ၃၀-၁-၂၀၁၈ရက်များတွင် နည်းပြ(နည်းစနစ်) လျှောက်ထားသူများအား ကွင်းခိုင်စွမ်းရည်စစ်ဆေးမည်ဖြစ်ပြီး ၃၁-၁-၂၀၁၈ ရက်တွင် လူတွေ့စစ်ဆေးပါမည်။အခြားသောဒုတိယဦးစီးမှူးအဆင့်ရှိ လစ်လပ်ရာထူးနေရာ လျှောက်ထားသူအားလုံးအား ၃၀-၁-၂၀၁၈ရက်တွင် လူတွေ့စစ်ဆေးပါမည်။
၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်ငွေထုတ်စာရင်းအမှတ်(MD-010442)သို့ ပေးသွင်းကြရမည်။
၅။ လျှောက်လွှာတွင်
(က) လျှောက်ထားသူ၏ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် အလုပ်သမားရုံးအမည်
(ဆ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်းအမည်
(ဇ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
(ဈ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။
၆။ လျှောက်လွှာနှင့်အတူ
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ
(ဂ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း
(ဃ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာမရရှိသေးသောသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။
(င) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာမရရှိသေးသောသူ(နေ့စားဝန်ထမ်း)များအတွက် အလုပ်သမားမှတ်ပုံတင်မူရင်း
(စ) အစိုးရဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း
၇။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် ၂၆-၁-၂၀၁၈ ရက် နောက်ဆုံးထား၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။
၈။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁) (နေပြည်တော်)သို့လိပ်မူ၍ ၂၆-၁-၂၀၁၈ရက် မတိုင်မီ ကြိုတင်ပေးပို့ရမည်။
၉။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးဇာတ်ရုံအတွက် လိုအပ်သော အောက်ပါအရည်အသွေးမြင့်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူနိုင်ရေး ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်-
(က) ဇာတ်စင်မီး (Stage Lighting) - တစ်စု
(ခ) Sound Equipment - တစ်စု
၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
**တင်ဒါရောင်းချမည့်နေရာ** - အနုပညာဦးစီးဌာန
**တင်ဒါတင်သွင်းမည့်နေရာ** - သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်
**တင်ဒါ(၁)စောင်အတွက်ကျသင့်တန်ဖိုး** - အမှတ်စဉ်(က) ၅၀၀၀ိ/-
- အမှတ်စဉ် (ခ) ၅၀၀၀ိ/-
၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်- ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၃၄၀၈၄၂၂
**မှတ်ချက်** - တင်ဒါဖွင့်မည့်ရက်နှင့် အချိန်အား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စု (ဖြည့်စွက်) ငွေလုံးငွေရင်းနှင့် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းလုံး၊ သစ်ခွဲသား၊ ခွဲကျောက်ရှယ်စုံများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
တင်ဒါအမှတ်စဉ်(၂/၂၀၁၈)
(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၂၂-၁-၂၀၁၈
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၀-၁-၂၀၁၈
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့
၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

---

**ပျောက်ဆုံးခြင်း**

ကျွန်တော်ဇော်မျိုးဝင်း (ဘ) တင့်ဆွေ ၉/ပမန(နိုင်)၂၄၉၉၃၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဇော်မျိုးဝင်း ဖုန်း-၀၉-၇၇၃၈၉၀၆၁၉**

---

## ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ စံဝါအောင်းပတ္တာ အထက(ခွဲ) ပဋ္ဌမတန်းမှ မောင်ဉက္ကာမင်း၏ ဖခင်အမည်မှန်မှာ ဦးနေမင်းထွန်း ၉/လဝန(နိုင်)၁၃၀၉၇၆ ဖြစ်ပါကြောင်း။ **ဦးနေမင်းထွန်း**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၇၄၈၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

# ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်နှုန်းထားလျှော့ချပြောင်းလဲခဲ့မှုအခြေအနေများကို အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ပြည်တွင်းရှိ စီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြုတင်ပြချက်များအရ အခွန်နှုန်းနည်းနည်းဖြင့် အခွန်အခြေကို ချဲ့ထွင်ပြီး ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ဝစွာကောက်ခံရရှိမည့်နည်းလမ်းအား ပြောင်းလဲကျင့်သုံးရန် အခွန်မူဝါဒကို ချမှတ်ခဲ့ပါသည်။
၂။ ထိုမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်မှစ၍ မဟာဗျူဟာအစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ပြီး အဆိုပါမဟာဗျူဟာအစီအစဉ်အရ အခွန်အခြေကိုချဲ့ထွင်နိုင်ရန်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အထူးကုန်စည်ခွန်နှုန်းထားတို့ကို နှစ်စဉ် တဖြည်းဖြည်းလျှော့ချကောက်ခံခဲ့သည်ကို သိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**အခွန်နှုန်းထားနှိုင်းယှဉ်ချက်ဇယား**

| စဉ် | အခွန်အမျိုးအစား | အခွန်နှုန်း | |
|---|---|---|---|
| | | ယခင် | ယခု |
| (က) | ကုမ္ပဏီဝင်ငွေခွန် | ၃၀% | ၂၅% |
| (ခ) | တစ်ဦးချင်းဝင်ငွေခွန် | ၂% မှ ၃၀% | ၀%၂၅% |
| (ဂ) | ကုန်သွယ်လုပ်ငန်းခွန် | ၀% မှ ၂၅% | ၀% မှ ၅% |
| (ဃ) | ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WT)<br>- **နိုင်ငံသား**<br>(က) အတိုးပေးငွေ<br>(ခ) ခိုင်ကြေး<br>(ဂ) ငွေပေးချေမှု<br>- **နိုင်ငံခြားသား**<br>(က) အတိုးပေးငွေ<br>(ခ) ခိုင်ကြေး<br>(ဂ) ငွေပေးချေမှု | <br><br>-<br>၁၅%<br>၃%<br><br>၁၅%<br>၂၀%<br>၃.၅% | <br><br>-<br>၁၀%<br>၂%<br><br>၁၅%<br>၁၅%<br>၂.၅% |
| (င) | တံဆိပ်ခေါင်းခွန်<br>(က) ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်<br>(ခ) အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်<br>(ဂ) ခံဝန်ချုပ် | <br>၃%<br>၀.၃%<br>၁.၅% | <br>၂%<br>၀.၁%<br>၀.၅% |
| (စ) | အထူးကုန်စည်ခွန် | ၈% မှ ၁၀၀% | ၅% မှ ၈၀% |
| (ဆ) | ပို့ကုန် | ၈% | ၀% (အထူးကုန်စည် ၅ မျိုး၊ လျှပ်စစ်ဓာတ်အားနှင့် ရေနံစိမ်းမှအပ) |

၃။ အာဆီယံနိုင်ငံများတွင် ကောက်ခံလျက်ရှိသော သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားများကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**သွယ်ဝိုက်ခွန် အခွန်နှုန်းထားများကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်ဇယား**

| စဉ် | နိုင်ငံအမည် | သွယ်ဝိုက်ခွန် |
|---|---|---|
| (က) | ကမ္ဘောဒီးယား | ၁၀ |
| (ခ) | အင်ဒိုနီးရှား | ၁၀ |
| (ဂ) | မလေးရှား | ၆ |
| (ဃ) | မြန်မာ | ၅ |
| (င) | ဖိလစ်ပိုင် | ၁၂ |
| (စ) | စင်ကာပူ | ၇ |
| (ဆ) | ထိုင်း | ၇ |
| (ဇ) | ဗီယက်နမ် | ၁၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**

## နည်းပညာတက္ကသိုလ်(မအူပင်)
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မအူပင်)၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၁၀-၂-၂၀၁၈ (စနေနေ့)နံနက် ၉း၀၀နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၁-၂-၂၀၁၈ (တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော စတုတ္ထနှစ်သင်တန်းအောင်မြင်ထားသူများ B.Tech တက်ရောက်ဘွဲ့/အဝေးရောက်ဘွဲ့ယူနိုင်သည်။ နှစ်ဟောင်းများမှ B.E/B.Tech သင်တန်းအောင်မြင်၍ ဘွဲ့လျှောက်လွှာတင်ခြင်းမရှိသေးသူများ အဝေးရောက်ဘွဲ့ယူနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။

(က) **တက်ရောက်ဘွဲ့** - B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-
(ကျပ်တစ်ထောင်ငါးရာတိတိ)

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-
(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ဓာတ်ပုံ (၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။ အကယ်၍ အနောက်တိုင်းဝတ်စုံဖြင့် ရိုက်လျှင် အတွင်းအင်္ကျီမှာ အဖြူရောင်ဖြစ်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာအင်္ကျီနှင့် လုံချည်/ထမီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(မအူပင်)ရှိ ကျောင်းသားရေးရာဌာန၌ ၈-၁-၂၀၁၈ (တနင်္လာနေ့)မှစ၍ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၅-၁-၂၀၁၈ (ကြာသပတေးနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(မအူပင်) ဖုန်း-၀၄၅-၃၀၁၀၈၊ ၀၉-၈၅၈၅၁၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(မအူပင်)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတင်မောင်ဝင်း၏သမီး ကျွန်မ၏အမည်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင် မလပြည့်ဝင်း၊ နိုင်ငံသားကတ်တွင် မတင်လပြည့်ဝင်း ၁၂/ဒလန(နိုင်)၀၄၈၂၅၅ ဖြစ်နေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။ **မလပြည့်ဝင်း(ခ)မတင်လပြည့်ဝင်း**

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ကျသင့်ငွေ(ကျပ်သန်း) |
|---|---|---|---|
| (က) | ကျားလုံချည်(အကျယ်၇၉"× နံ၄၂") | ၆၀၀၀၀ ထည် | ၂၁၀.၀၀၀ |
| (ခ) | မလုံချည်(အကျယ်၇၂"× နံ၄၂") | ၇၀၀၀၀ ထည် | ၂၄၅.၀၀၀ |
| (ဂ) | စောင် (လ ၈၀"×န၆၆") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (ဃ) | တဘက်(လ၅၄"×န၂၇") | ၅၀၀၀၀ ထည် | ၁၂၅.၀၀၀ |
| (င) | စတီးလ်ဇလုံ(အချင်း ၉.၅") | ၅၀၀၀၀ လုံး | ၃၅.၀၀၀ |
| (စ) | လေးထောင့်ပလတ်စတစ်ပုံး (အဖုံး+လက်ကိုင်ပါလ ၁' ၁၁"၊ န ၁' ၅"၊ မ ၁' ၃") (ဘေးနှစ်ဖက်တွင် ဌာန logo နှင့် စာတန်းများ ဖော်ပြပေးရမည်ဖြစ်ပါသည်) | ၅၀၀၀၀ ပုံး | ၄၅၀.၀၀၀ |
| (ဆ) | ဂေါ်ဇီလာဆပ်ပြာ | ၅၀၀၀၀ တောင့် | ၂၀.၀၀၀ |
| (ဇ) | စတီးလ်ပန်းကန်ပြား(အချင်း ၉") | ၅၅၀၀၀ ချပ် | ၃၈.၅၀၀ |
| (ဈ) | ပလတ်စတစ်ရေချိုးခွက်(အချင်း ၈") | ၅၀၀၀၀ ခွက် | ၂၅.၀၀၀ |
| (ည) | ပီနံအိတ်(အထူ) (လ ၂၆"၊ န ၄၈") | ၄၅၀၀၀ လုံး | ၃၁.၅၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့် ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၉-၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ

(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၃)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၀၇၅၊ ၀၆၇-၃၄၀၄၀၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
(ဂရန်အမည်ပေါက်သုံးထပ်တိုက် R.C.)

နေရာ ------ ရန်ကင်း၊ ပါရမီရိပ်သာ

အကျယ်အဝန်း -----ခြံ ၄၅'×၇၅'၊ အိမ် ၃၂'×၃၈'

ပထမတန်းစားပြင်ဆင်မှု၊ ပထမတန်းစားကျွန်းပါကေး၊ AC(၈)လုံး၊ ၃၄'×၁၅' အကျယ်ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ TV Room၊ အိပ်ခန်း 4MB with Bath-tub၊ Jacuzzi၊ ရေပူရေအေးစနစ်၊ Overhead Tankလီတာ ၂၀၀၀၊ Underground Tankလီတာ ၈၀၀၀၊ ရိုးရိုးမီတာ၊ ပါဝါမီတာ၊ ခေတ်မီမွမ်းမံပြင်ဆင်မှုပါဝင်ပြီး

ဆက်သွယ်ရန် – ၀၉၅၁၈၄၄၇၀


---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၉၃၈၇၉ Toyomax 125 ,M/C ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Met Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## မွေးနေ့ဆုမွန်

ချစ်သားသမီးများကို ရှင်သန်ခြင်း၊ နွေးထွေးခြင်း၊ ချစ်ခြင်းများစွာဖြင့် လောကကောင်းကင်ထဲ ပျံသန်းနိုင်ရေး ပြုစုပျိုးထောင်ခဲ့သူ မေမေ ဒေါ်ခင်စန်းလှနွယ် (ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး)၏ ၁၆-၁-၂၀၁၈ ရက်တွင် ကျရောက်သော (၇၆) နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းရှည်ကြာ ချစ်မေမေ၏ ချမ်းမြေ့ပျော်ရွှင်သောအပြုံးများကို ပိုင်ဆိုင်ခွင့်ရရှိပါစေ။

**ချစ်သားသမီးများ-** ဒေါ်ခင်နွေဦး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒေါက်တာဇော်လှိုင်တိုး (အထူးကုဆရာဝန်ကြီး၊ ကလေးမြို့)-ဒေါ်စောနန်းမော်၊ ဦးဇော်ဇော်အောင်-ဒေါ်ဝါဝါမြင့် (TMW Enterprise Co.,Ltd)၊ ဒေါ်သူဇာနွယ် (ကထိက၊ စိုက်ပျိုးရေးတက္ကသိုလ် ရေဆင်း)၊ ဒေါ်အိအိခိုင်

**ချစ်မြေးများ-** မအဥ္ဇလီမော်၊ မောင်မင်းသန့်ကျော်၊ မောင်မင်းခန့်ကျော်၊ မောင်သီဟသော်ဇင်

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျိုင်းတုံမြို့နယ်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဦးစိုးမြင့် နှင့် ဒေါ်သန်းသန်းစိုး
**တရားလို** **တရားပြိုင်**

ကျိုင်းတုံမြို့၊ ဝမ်လင်ရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းနေ ဒေါ်သန်းသန်းစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၆ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးယုမွန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

---

MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်
# အထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEA) ၏ သင်းဖွဲ့စည်းမျဉ်းကိစ္စ ဆွေးနွေးအတည်ပြုနိုင်ရန်အတွက် အထူးအစည်းအဝေးပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| **ကျင်းပမည့်နေ့ရက်** | **ကျင်းပမည့်အချိန်** | **ကျင်းပမည့်နေရာ** |
|---|---|---|
| ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) | နံနက် ၁၀း၀၀ နာရီ | MCEA ခန်းမ |

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်းချုပ်**

နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။
အသေးစိတ်သိရှိလိုပါက MCEA အသင်းချုပ်ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ရုံးဖုန်း-၀၁-၅၇၉၅၄၇၊ ၀၁-၅၆၀၇၂၅
ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးအေးလင်း ဖုန်း-၀၉-၅၁၀၄၉၈၃

# အထူးလိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

" ရွှေမင်းဝံသာသနာ့ရိပ်သာ " ပုညသီအမျိုးသမီးအဖွဲ့ကြီး၏ နာယကကြီး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီ၏သမီးကြီး သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ **ဒေါ်စန္ဒာဝင်း** (ဒါရိုက်တာ၊ ရွှေသံလွင်ထရေးဒင်း ကုမ္ပဏီလီမိတက်) အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီ ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ အရ လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့် "**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**"ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

**ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့နှင့်**<br>**ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**

# လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်း ခံရပါသော **ဦးရှိန်ဝင်း** (တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ)အတွက် အတိုင်းထက်အလွန်ဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**သီရိသုဓမ္မမဏိဇောတဓရ ဦးတူးမောင် - ဇနီး ဒေါ်ထားထားအေး**<br>**သားသမီးမြေးတစ်စု၊ မြို့မရပ်၊ မိုးကုတ်မြို့**


ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
နွေ
• စာစီစာကုံး နှင့် သဒ္ဒါ အထူးတန်းများ
• (၀၊၉၊၁၀)သင်ရိုးကုန် တစ်ခွဲစီသာ
ပြီးလဲပြီးစေ ပိုင်လဲ ပိုင်စေသည်
မှတ်ချက် ကျန်းမာရေး၊ အသိ၊ သတိ အရ နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်.
• မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(ဒု)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၄၅၀၀၅၅၈၅၂၊ ၀၉ ၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
"ရွှေပင်နားမှ ရွှေကျေး"
ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc.(Final)
◆ နေ့တက် ဘော်ဒါ လက်ခံသည်။ ကိုယ်တိုင်လာရောက် စုံစမ်းလှည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။
"အတုမရှိ၊ အတူမရှိ ပညာရေးအင်အား"
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်
ကျောင်းလိပ်စာ
ခြံအမှတ် ၂၈(A)+၂၈(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဌာနီတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)
သက်န်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄၂၀၃၀၇၂၇၊ ၀၉ ၉၆၇၇၆၇၅၁၉

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower )များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

DEVELOPER-

GA MONE PWINT CO.,LTD.

အမှတ် ( ၂၄၅ )၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၈ဖြင့်

**ဒေါက်တာအောင်ကျော်ဝင်း (ဥက္ကဋ္ဌ-ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု)**

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊
အမျိုး၊ ဘာသာ၊ သာသနာနှင့်နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတကာအဆင့်မီရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems by ရွှေနန်းတော်

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၈ဖြင့်

**ဒေါက်တာအောင်ကျော်ဝင်း (ဥက္ကဋ္ဌ-ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု)**

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊
အမျိုး၊ ဘာသာ၊ သာသနာနှင့်နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Jewel Collection Manufacturing Co.,Ltd.

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၈ဖြင့်

**ဒေါက်တာအောင်ကျော်ဝင်း (ဥက္ကဋ္ဌ-ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု)**

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊
အမျိုး၊ ဘာသာ၊ သာသနာနှင့်နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

United GP Development Co.,Ltd @ 68 Residence

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၈ဖြင့်

**ဒေါက်တာအောင်ကျော်ဝင်း (ဥက္ကဋ္ဌ-ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု)**

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊
အမျိုး၊ ဘာသာ၊ သာသနာနှင့်နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊ စိန်နန်းတော်စိန်ရွှေရတနာဆိုင်၊ ရတနာနန်းတော်စိန်ရွှေရတနာဆိုင်

## အနှစ်သာရပြည့်ဝသည့်ဘဝမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခြင်းအတွက်ကျေးဇူးဥပကာရတင်ရှိခြင်း

**ကျေးဇူးရှင်ဖခင်ကြီးဦးရွှေ၊ မိခင်ကြီးဒေါ်ခင်စန်းရီတို့၏ ဘာသာသာသနာနှင့် လူမှုရေးဆောင်ရွက်မှု မျိုးဆက်အမွေကို ဆက်လက်သယ်ဆောင်၍ ဗုဒ္ဓသာသနာတော်ကိုပစ္စည်းလေးပါးတို့ဖြင့်စဉ်ဆက်မပြတ် အောက်ပါအတိုင်း ထူးခြားစွာထောက်ပံ့လှူဒါန်းခဲ့ပါသည်။**

၁။ ၂၀၀၃ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့်ပရိယတ္တိစာသင်တိုက် “**ရွှေနန်းတော်ယောဂီဆောင်**” ဆောက်လုပ်လှူဒါန်းခြင်း။

၂။ ၂၀၀၅ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့အောက်ဝါးနက်ချောင်းဓမ္မဒူတဇေတဝန်တောရဆေကိန္ဒာရာမ ကျောင်းတိုက်အတွက် “**သုံးထပ်ဆွမ်းစားကျောင်းဆောင်**”ဆောက်လုပ်လှူဒါန်းခြင်း။

၃။ ၂၀၁၆ခုနှစ်တွင် ဒေါက်တာအောင်ကျော်ဝင်း၏ရွှေရတုမွေးနေ့အထိမ်းအမှတ် “**ရှင်သာမဏေအပါး(၁၁၀၀)ရှင်ပြုရေစက်ချ အလှူတော်နှင့် ဓမ္မဒူတဇေတဝန်တောရဗုဒ္ဓတက္ကသိုလ်သို့ လှူဒါန်းခြင်း**”တို့အတွက် (၄-၁-၂၀၁၈)လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှ လူပုဂ္ဂိုလ်များအား ချီးမြှင့်ပေးသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်“**သုဓမ္မမဏိဇောတဓရ**” ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းသာပီတိဖြစ်ရပါသည်။

တိုတောင်းလှသည့် လူ့ဘဝတွင် အဖိုးတန်လူသားတစ်ဦးဖြစ်စေရန် ငယ်စဉ်ကတည်းက “**ကံ၊ ဉာဏ်၊ ဝီရိယသုံးပါး**” ကိုက်ညီအောင်တစ်စိုက်မတ်မတ်ကြိုးပမ်းခဲ့သည့်အတွက် ဘာသာသာသနာ၊ စီးပွားရေး၊ ပညာရေးတို့မှာ ထူးခြားသည့် မှတ်တိုင်များ စိုက်ထူနိုင်ခဲ့ပါသည်။

(၁) ဘာသာသာသနာအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်မှချီးမြှင့်သည့် “**သုဓမ္မမဏိဇောတဓရ**”ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်း။

(၂) မြန်မာ့ရတနာလောကတွင် **ISO 9001:2015 , ISO14001:2004, OHSAS 18001:2007 Certificate** များနှင့် **2016 ASEAN BUSINESS INNOVATION WINNER AWARD** ချီးမြှင့်ခြင်းခံရသည့်အပြင် နှစ်ပေါင်းတစ်ရာအတွင်း ရတနာချစ်သူ မိဘပြည်သူအများဆုံး ဝယ်ယူအားပေးမှုကိုအကြိမ်ကြိမ်စံချိန်တင် ရရှိခဲ့သည့် ရတနာဆိုင်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ မှတ်တမ်းတင်ခံရခြင်း။

မြန်မာ့ **Real Estate Industry** တွင် ပထမဆုံး **Iconic Luxury Condominium** နှင့် **Branded Somerset Serviced Apartment “ 68 Residence ”** ကိုစံချိန်တင်ဝယ်ယူ အားပေးမှုနှင့်အတူ ရန်ကုန်မြို့၏အချက်အချာအကျဆုံးနေရာ၌ အောင်မြင်စွာအကောင်အထည်ပေါ် အောင်ဆောင်ရွက်နိုင်ခြင်း။

(၃) ပညာရေးနယ်ပယ်တွင် **2014** ခုနှစ်၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် **11th Batch EMBA Program** တွင်ဘာသာရပ် **(24)** မျိုးစလုံး၌ **All Straight “A”**ရရှိခဲ့သည့်အတွက် ထူးချွန်ကျောင်းသားဆု “ **မမြလေးဆု**” ချီးမြှင့်ခံရခြင်းတို့အတွက် “**ကျေးဇူးရှင်နှစ်ဘက်သောမိဘများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းမိတ်ဆွေများ၊ ရတနာချစ်သူမိဘပြည်သူများ**”စသည့်ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မကျန် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

အနာဂတ်ဘဝတွင်လည်းအများအတွက် အဖိုးတန်လူသားတစ်ယောက်အနေဖြင့် အနှစ်သာရပြည့်ဝသည့် မှတ်တိုင်များ ဆက်လက်ထူထောင်နိုင်ရန် မိသားစုနှင့် အတူ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်ခိုင်၊ သမီးသက်ရတနာကျော်ဝင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၈ဖြင့်**

**ဒေါက်တာအောင်ကျော်ဝင်း (ဥက္ကဋ္ဌ-ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု)**

**သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊**

**အမျိုး၊ ဘာသာ၊ သာသနာနှင့်နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

**အ.ထ.က (၁) ဒဂုံမှချစ်သူငယ်ချင်းများ(၁၉၈၁-၁၉၈၂)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော်  ဇန်နဝါရီ  ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးသို့ ရောက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများ၏ အသံများကို ကိုယ်တိုင်ကြားသိ လေ့လာခွင့်ရရှိခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ၎င်းတို့ကို အခြေခံပြီး ယနေ့စတင်ကျင်းပသည့် သတ္တမပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ဥပဒေပြုရေးမဏ္ဍိုင်၏ လုပ်ငန်းတာဝန်များကို ကြိုးစားထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ အစား ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှစပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သတ္တမပုံမှန်အစည်းအဝေးတွင် လက်ရှိဘဏ္ဍာရေးနှစ်နှင့် ပြောင်းလဲကျင့်သုံးမည့်

*စာမျက်နှာ ၇ ကော်လံ ၁* ❋

## နာဂရိုးရာ နှစ်သစ်ကူးမီးပုံပွဲ

ဇန်နဝါရီ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ၂၀၁၈ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုမီးပုံပွဲနှင့် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေမှုများ ကျင်းပစဉ်။ (သတင်း-စာမျက်နှာ-၆)

သတင်းစဉ်






ဓာတ်ပုံ-ဖိုးသော်ဇင်

## အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန်  ဇန်နဝါရီ  ၁၅**

ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၁၈ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ပထမအဆင့်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းတို့မှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်ကြသည်။ ရှမ်းယူနိုက်တက် (မြန်မာ)နှင့် ဆီရက်စ် (ဖိလစ်ပိုင်)တို့၏ပွဲကို ဇန်နဝါရီ ၁၆ ရက် (ယနေ့) ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက “ပထမအဆင့်မှာ တွေ့ဆုံရမယ့် ဆီရက်စ်အသင်းအကြောင်းကိုလည်း လေ့လာထားပါတယ်၊ ပြီးခဲ့တဲ့ရာသီ AFC CUP ပြိုင်ပွဲမှာ ဇုန်အလိုက် ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပါတယ်၊ နှစ်သင်းစလုံး အာရှချန်ပီယံလိဂ်ခြေစစ်ပွဲမှာ ပထမဆုံးယှဉ်ပြိုင်တာဖြစ်ပေမယ့် သူတို့က AFC CUP ပြိုင်ပွဲ ကစားဖူးတဲ့ အတွေ့အကြုံရှိပါတယ်၊

*စာမျက်နှာ ၁၃ ကော်လံ ၅* ●

KBZ BANK
STRENGTH OF MYANMAR
‘BEST BANK IN MYANMAR’
Awarded by EUROMONEY 2017